# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 17 February 2025 ၁၁၇၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**၁၆ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၅၂၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ



ကျိုက်မရောမြို့နယ်၌ ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်တွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ကျိုက်မရောမြို့နယ်၌ ဒေါင်ဒင်အင်းငါးဖမ်းပွဲတော် ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျိုက်မရော ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရေပူကော့စပ်ကျေးရွာရှိ ဒေါင်ဒင်အင်းငါးဖမ်းပွဲတော်ကို နှစ်စဉ်ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစ၍ အနယ်နယ်အရပ်ရပ်မှ ငါးဖမ်းပွဲတော်လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


**ယနေ့ ဖတ်စရာ**


**ထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးကောင်းမွန်စေရေး အတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည်**

စာမျက်နှာ » ၄

**ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့" ပါဝင်နိုင်စေရေး အကြိုလှုပ်ရှားမှုများ**



ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးရက်တွင် ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူသူများဖြင့် အထူးစည်ကား**

စာမျက်နှာ » ၉

**ပြည်တွင်း စားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၈



**MSME လုပ်ငန်းတွေကို မြှင့်တင်ခြင်းအားဖြင့် ပြည်ပဈေးကွက်တွေကို ထိုးဖောက်နိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းကနေ ဝင်ရောက်လာမှာ ဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ ရောက်ရှိပြီး ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်စက်များ လည်ပတ်နေမှု၊ အဆင့်ဆင့်ဆောင်ရွက်နေသော စာအုပ်ချုပ်လုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး သာသနာရေးဦးစီးဌာန၏ မူလလုပ်ငန်းများဖြစ်သော သာသနာရေးဆိုင်ရာ စာအုပ်များ ရိုက်နှိပ်နေမှု၊ ချုပ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက အပ်နှံသည့် ကျောင်းသုံးဖတ်စာအုပ်များကို ပုံနှိပ်ရာတွင် ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်ရေးအတွက် သတ်မှတ်ထားသည့်စက္ကူ၊ အပြင်အဆင် စာအုပ်အရွယ်အချိုးအစားများ မှန်မှန်ကန်ကန်ဖြစ်စေရေး ပညာရေးဝန်ကြီးဌာနသို့ ပေးပို့အပ်နှံရမည့် အချိန်ကာလအမီ ဝန်ထမ်းများအဆင့်ဆင့်က အလေးအနက်ထားကာ ကြပ်မတ်စိစစ်ဆောင်ရွက်ရေးနှင့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို သတ်မှတ်ချက်များအတိုင်း ပြည့်စုံအောင်ပြင်ဆင်ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးစေရေးကို ကြိုးစားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

သတင်းစဉ်



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ ရုပ်ရှင်ပညာရပ်ဆိုင်ရာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ရုပ်ရှင်ပညာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၂၈၁ အုပ် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းရှိ အဆိုပါ တက္ကသိုလ် စာကြည့်တိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဲ တက်ရောက်လက်ခံသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက လှူဒါန်းသည့် စာအုပ်များသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စာကြည့်တိုက်တွင် အထူးစာစု (Special Collection) အဖြစ် စုဆောင်း ထိန်းသိမ်းထားရှိမည်ဖြစ်ပြီး ရုပ်ရှင်နှင့်ပြဇာတ် ပညာရပ်ကို တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် အကျိုးများသော စာအုပ်များဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါစာအုပ်များသည် သင်ကြားရေးကို အထောက်အကူပြုခြင်းသာမက စာတမ်းများပြုစုရာတွင် အထောက်အကူရရှိခြင်း၊ ပညာဗဟုသုတလေ့လာဆည်းပူးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း မှာကြားစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက စာအုပ်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စာအုပ်များပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ်တို့က လက်ခံပြီး ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်နှင့်ပတ်သက်သော စာအုပ်များဖြစ်သော motion picture ဆိုင်ရာ ၇၃ အုပ်၊ Directing ပညာရပ်ဆိုင်ရာ ခြောက်အုပ်၊ Editing ဆိုင်ရာ သုံးအုပ်၊ Script writing ဆိုင်ရာ နှစ်အုပ်၊ production ဆိုင်ရာ နှစ်အုပ်၊ photography ဆိုင်ရာ ၁၆ အုပ်၊ Biography ဆိုင်ရာ ၅၈ အုပ်၊ Encyclopedia နှင့် Dictionary သုံးအုပ်၊ Film music ၁၁ အုပ်၊ Techniques ၄၄ အုပ်၊ Theatre နှစ်အုပ်၊ shooting တစ်အုပ်၊ Censor တစ်အုပ်၊ Novel ၃၀၊ History နှစ်အုပ်၊ General ၂၇ အုပ် စုစုပေါင်း ၂၈၁ အုပ်ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရှေ့ဖုံးမှ**

အဆိုပါ ဒေါင်ဒင်အင်း ငါးဖမ်းပွဲတော်ကို ကျင်းပမည့်ရက်အား မီဒီယာများမှတစ်ဆင့် ကြေညာထားပြီးဖြစ်ရာ ပွဲတော်မကျင်းပမီ တစ်ရက်မှစတင်ကာ ငါးဖမ်းဝါသနာပါသူများက အဆိုပါ ငါးဖမ်းပွဲတော် ကျင်းပမည့်အင်းအတွင်းသို့ ကြိုတင်ရောက်ရှိနေကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

ဒေါင်ဒင်အင်း ငါးဖမ်းပွဲတော်ကို နှစ်စဉ်တပို့တွဲ လဆန်း ၁ ရက်တွင် စည်ကားစွာကျင်းပခဲ့ရာ ယခုနှစ်တွင် မော်လမြိုင်၊ မုဒုံမြို့များနှင့် ရွာနီးချုပ်စပ်မှ ငါးဖမ်းဝါသနာရှင်များ၊ အပျော်တမ်းငါးဖမ်းသူများက ရိုးရာမပျက် ပျော်ရွှင်စွာ ငါးဖမ်းကြပြီး ဖမ်းယူရရှိသောငါးများကို ပျော်ပျော်ပါးပါးစားသောက်ခြင်း၊ လက်ဆောင်ပေးခြင်းများ၊ အချင်းချင်း ရင်းနှီးချစ်ခင်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် ကခုန်ပျော်ပါးကြခြင်းဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ အင်းအတွင်းမှ ငါးမျိုးစုံဖမ်းယူရရှိပြီး အဓိက ငါးပတ်၊ ငါးခူ၊ ငါးရံ့စသည့် ငါးများရှိပြီး ဖမ်းရလည်းလွယ်ကူသဖြင့် ငါးဖမ်းဝါသနာရှင်များက နှစ်စဉ်လာရောက်လေ့ရှိကြပြီး မွန်ပြည်နယ်အတွင်း ထင်ရှားသော ရိုးရာပွဲတော်တစ်ခုအနေဖြင့် အစဉ်အလာမပျက် ကျင်းပလေ့ရှိကြောင်း ဦးစောမြထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

■

# လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးညှိနှိုင်းစည်းဝေး

# ထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပသည့် တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရာတွင် ပစ္စည်းတစ်ခုချင်းစီ၏ အရည်အသွေးများကို သတ်မှတ်ရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ထုတ်လုပ်မှုကျင့်စဉ်များကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်း ကိရိယာများကို အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေးအတွက်ထုတ်လုပ်သူများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့်အပြင် ဝန်ကြီးဌာနများမှလည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မည့် စက်ပစ္စည်းတစ်ခုချင်းစီ၏ ပုံစံဒီဇိုင်း၊ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုမည့်ကုန်ကြမ်း စသည်တို့ကို စနစ်တကျသတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန် ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချစိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်းတူညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် အစေ့ချ စိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများသည် ဒေသနှင့်ကိုက်ညီမှုရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက် လာကြသူများက လယ်ယာသုံး စက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံ၊ သံမဏိတို့တွင် ပါဝင်သည့် ဓာတုနှင့် ရုပ်ဂုဏ်သတ္တိများ၊ အရည်အသွေးများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာ ဝန်ဆောင်မှုအသင်းများဖွဲ့စည်း၍ ပံ့ပိုးမည့်အခြေအနေ၊ မြေပြုပြင်ရန်လိုအပ်မှု၊ အရင်းအနှီး၊ သွင်းအားစုများ ဖြည့်ဆည်းပေးမည့် အခြေအနေ၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိရေးအတွက် စိုက်နည်းစနစ် မှန်ကန်စေရေး အသိပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မည့်အခြေအနေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေးကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး/ပြည်နယ် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် MSMEs လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် MSMEs လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ ဦးအောင်အောင်၏ "ဒေါ်လာ"မြေပဲဆီသန့်လုပ်ငန်းသို့ရောက်ရှိခဲ့ပြီး ဆီစက်အားဆိုလာစနစ်ဖြင့် လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆီထွက်နှုန်းတိုးတက်စေရေးနှင့် ဒေသတွင်း စားသုံးမှုသာမက ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်-အောင်လံကားလမ်း မိုင်တိုင်အမှတ် (၁၀၃/၇)မှ ပြည်-ပေါက်ခေါင်းသွားကားလမ်း(၃/၇)အထိ ကမ္ဘာ့ရေးဟောင်းအမွေအနှစ် သရေခေတ္တရာ ပျူမြို့ဟောင်း ရေးဟောင်းယဉ်ကျေးမှုဇုန် ရှောင်ကွင်းလမ်း ဖောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ်ပေါင်းတလည်မြို့ မြောင်းဆုံကျေးရွာအုပ်စု၌ ကျေးရွာသမဝါယမ အသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် (ရေဆင်းစပ်မျိုး-၁) နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်အား သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ သီးနှံစိုက်စွမ်းအား၊ သီးထပ်စွမ်းအားတိုးတက်စေရေး လိုက်နာ ဆောင်ရွက်ရမည့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြက်တူရွေးတောင်ပေါ်၌ ရှုခင်းကြည့်မျှော်စင် တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းလုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်သွားရန်နှင့် တောင်တက်လမ်းကောင်းမွန်မှုရှိစေရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ကမ်းနားလမ်းရှိ "ကြီးကြီးဝင်း" အမှတ်တံဆိပ်ဖြင့် မုန့်ဟင်းခါးအနှစ်နှင့် SRK အမှတ်တံဆိပ်ဖြင့် အသင့်စားငါးပိထောင်း ထုတ်လုပ်ရောင်းချနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး ပြည်တွင်းဖြန့်ဖြူးမှုသာမက ပြည်ပပို့ကုန်အထိတင်ပို့နိုင်ရေး ရည်မှန်းဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ်များကို သေသပ်ကောင်းမွန် လှပစေရေးနှင့် ထုတ်လုပ်သည့် စားသုံးကုန်များ နည်းပညာ၊ FDA ထောက်ခံချက် ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ပြည်မြို့ ကမ်းနားလမ်းနှင့် ဧရာဝတီမြစ်သောင်ပြင်၌ အများပြည်သူ အပန်းဖြေ လမ်းလျှောက်ခြင်းနှင့် ညဈေး၌ စားသောက်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းများ ကွင်းဆင်းစစ်ဆေး ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ၏တန်ဖိုးကိုသိရှိနားလည်ပြီး ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန် မှာကြား



နေပြည်တော် ဖေဖော်ဝါရီ ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဝါးအလယ်ကျွန်းရှိ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် လန်ပိကျွန်းရှိ မကြံ့ဂုလက် ဆလုံတိုင်းရင်းသားကျေးရွာသို့ သွားရောက်၍ ဒေသခံ ဆလုံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး လန်ပိကျွန်းနှင့် ပတ်ဝန်းကျင်ဒေသသည် ဆလုံတိုင်းရင်းသားများ၏ လူနေမှုနှင့် ယဉ်ကျေးမှုဓလေ့များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ သဘာဝတောတောင်များဖြင့် သာယာလှပသောနေရာတစ်ခုဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသော နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံများ အနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြရန် မှာကြားကာ ဆလုံတိုင်းရင်းသား အိမ်ထောင်စုများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ စာသင်ကြားမှု အထောက်အကူပြုပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက် တည်ထောင်နိုင်ရေးအတွက် အလှူငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ် ဂျလန်းကျွန်းရှိ အရှေ့တိုင်း ပုလဲကုမ္ပဏီနှင့် စိန့်လုခ်ကျွန်းရှိ မြန်မာအန်ဒါမန်ပါးလ်ကုမ္ပဏီသို့ သွားရောက်၍ မုတ်ကောင်သားဖောက်မွေးမြူမှုနှင့် ဝတ်ဆံသွင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပုလဲထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် မုတ်ကောင်သားဖောက်ခြင်းမှ ပုလဲဖော်ခြင်းအထိ လုပ်ငန်းစဉ်အလိုက် အထူးအလေးထား ဆောင်ရွက်သွားရန်နှင့် မုတ်ကောင်သားဖောက်ရှင်သန်မှုမြင့်မားစေရေး၊ ဝတ်ဆံမြဲ မုတ်ကောင်ရာခိုင်နှုန်းတိုးတက်လာစေရေး၊ ဖော်ယူရရှိသောပုလဲများ၏ အရည်အသွေးမြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲနှင့် (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်းများအသင်း၏ သက်ကြီးပူဇော်ပွဲနှင့် (၃၇)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပသည်။



ဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အသက် ၇၅ နှစ်နှင့်အထက် မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်း သက်ကြီးပုဂ္ဂိုလ် ၈၂ ဦးကို ဂါရဝပြုကန်တော့ကြပြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အလှူငွေကျပ် ၂၁၁၈၀၀၀၀ နှင့် အလှူရှင်များက ငွေကျပ် ၁၅၅၀၀၀၀ တို့ကို အသင်းနာယက ဦးမြင့်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ထံသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် တည်ဆောက်လျက်ရှိသည့် မီးသတ်တပ်ဖွဲ့ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက ငွေကျပ်သိန်း ၃၀၊ ရာဇမုဏိရုပ်ပွားတော်မြတ် ဓမ္မာရုံအတွက် ငွေကျပ် နှစ်သိန်း၊ မီးသတ်ဦးစီးဌာန လက်ထောက် ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ် (၄)မှ အလှူငွေကျပ် ၁၆ သိန်း၊ လက်ထောက် ဦးစီးမှူးလောင်း သင်တန်းအမှတ်စဉ်(၁)မှငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကန်တော့ခံမီးသတ်ဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူတစ်ဦးက မုဒိတာစကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်းများအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ မြန်မာနိုင်ငံ မီးသတ် ဝန်ထမ်းဟောင်းများအသင်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပျဉ်းမနားမြို့နယ် ကျွန်းဦးစံပြကျေးရွာရှိ ကုန်ထုတ်သမဝါယမအသင်းများမှ စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျွန်းဦးစံပြကျေးရွာရှိ ကုန်ထုတ်သမဝါယမအသင်း ၁၈ သင်းမှ အသင်းသားဦးရေ ၁၁၈ ဦးတို့အား ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရေးနှင့် ထွက်ကုန်အမယ်အသစ်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် သမဝါယမအသင်းအချင်းချင်းပံ့ပိုးငွေဖြင့် ငွေကျပ်သိန်း ၁၄၅၀ ကို ပံ့ပိုးပေးခဲ့သည်။

အဆိုပါ ပံ့ပိုးငွေဖြင့် ကုန်ထုတ်သမဝါယမအသင်းများကပဲလှော်၊ ပဲကြော်၊ စာကလေးချောင်းကြော်၊ မာလာရှမ်းကော စသည်တို့ကို ထုတ်လုပ်ကြောင်း သိရသည်။ ပဲလှော်၊ ပဲကြော်ကို တစ်ရက်လျှင် ပိဿာ ၃၀ ဝင်ခြောက်အိတ်ထုတ်လုပ်နိုင်ပြီး စာကလေးချောင်းကြော်၊ ပြောင်းဖူးလှော်၊ ကြက်သွန်ပေါင်း၊ မာလာရှမ်းကောစသည့် စားသောက်ကုန်များကို တစ်ရက်လျှင် အထုပ်ပေါင်း ၄၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



# မူဆယ်မြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မူဆယ် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စည်ပင်သာယာဈေးများ၌ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို




ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မူဆယ်မြို့ အမှတ်(၁)၊ အမှတ်(၂)ဈေးများရှိ ဈေးသူ ဈေးသားများနှင့် လမ်းသွားလမ်းလာပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေး စာစောင်များကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးနေဝင်းတိုး၏ ဦးစီးမှုဖြင့် ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးတို့က ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဖြန့်ဝေသည်။

လက်ကမ်းစာစောင်တွင် မီးလောင်ဆုံးရှုံးမှုအခြေအနေများ၊ နေအိမ်များမီးဘေးအန္တရာယ်ကင်းဝေးစေရန်နည်းလမ်းများ၊ မီးလောင်မှုဖြစ်လျှင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုလျှင် လိုက်နာရမည့်နည်းလမ်းများ၊ ဓာတ်ဆီဖြည့်၊ ဓာတ်ဆီဖလှယ်လျှင်လိုက်နာရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံနည်းလမ်းများ စသည့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများပါဝင်ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” ပါဝင်နိုင်စေရေး အကြိုလှုပ်ရှားမှုများ

**ဝင်းထွဋ်ဦး**

ပြီးခဲ့သည့်ရက်က မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity) သို့ အမည်စာရင်းတင်သွင်းနိုင်ရေး အတွက် အကြိုလှုပ်ရှားမှုနှင့် “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် အကြိုလှုပ်ရှားမှုတို့ကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)၌ ကျင်းပသည်ကို တွေ့ရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာနအောက်ရှိ အမျိုးသားပြတိုက်များ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များတွင် မြန်မာ့သနပ်ခါးနေ့အထိမ်း အမှတ်လှုပ်ရှားမှုများကို သနပ်ခါးရက်သတ္တပတ် (Thanakha Week) သို့မဟုတ် သနပ်ခါးလ (Thanakha Month) အနေဖြင့် ဖေဖော်ဝါရီလ တစ်လလုံး ဆောင်ရွက်လှုပ်ရှားကြရန် နှိုးဆော် တိုက်တွန်းထားသည်ဟုလည်း သိရသည်။

**သနပ်ခါးရက်သတ္တပတ် သို့မဟုတ် သနပ်ခါးလ**

မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု များအဖြစ် သနပ်ခါးရက်သတ္တပတ် (Thanakha Week) သို့မဟုတ် သနပ်ခါးလ (Thanakha Month) ကို ဖေဖော်ဝါရီလတစ်လလုံး ဆောင်ရွက်ခြင်းသည် “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity)သို့ အမည်စာရင်းတင်သွင်းနိုင်ရေးနှင့် ပါဝင်နိုင်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းပင် ဖြစ်ပါသည်။

မြန်မာပြည်သူပြည်သားများတွင် ရှေးနှစ်ပေါင်း များစွာကတည်းက ယခုအချိန်အထိ လက်ဆင့်ကမ်း မျှဝေပေးခဲ့သော ရိုးရာအမွေအနှစ် ဓလေ့စရိုက်များ များစွာရှိသည်။ ထိုဓလေ့စရိုက် အမွေအနှစ်များထဲ တွင် မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြင်းသည် ဆင်ယင်ထုံးဖွဲ့မှုနှင့် အလှအပ ခြယ်သမှုများတွင် ယခုအချိန်ထိ စွဲမြဲစွာဆောင်ရွက် နေသည့် ချစ်စရာဓလေ့စရိုက်တစ်ခုဟု ဆိုနိုင် သည်။

သနပ်ခါးသည် မြန်မာ့နံ့သာ ၁၀ မျိုးတွင် ပါဝင်သည့် အခေါက်နံ့သာ တစ်မျိုးဖြစ်သည်။

မြန်မာ့သနပ်ခါးလိမ်းခြင်း၏ အရေးပါမှုတစ်ခု မှာ မိခင်က သားသမီးကို ရေချိုးသန့်စင်ပြီးလျှင်



ကျောက်ပျဉ်ထက်မှ သနပ်ခါးရည်ပျစ်ပျစ်ကို လက်လေးဖြင့်သပ်ယူ၍ ဘုရားကို အာရုံပြုကာ ကလေးငယ်များ၏ နဖူးပေါ်နှင့် ပါးပြင်နှစ်ဖက်လုံး ပေါ်သို့လိမ်းခြယ်ပေးလေ့ရှိသည်။ ကျန်နေသေးသော ကျောက်ပျဉ်ထက်မှ သနပ်ခါးကို ပါးစပ်ထဲခွံ့ပေး လေ့ရှိသည်။ ကလေးငယ်ကို သနပ်ခါးခွံ့ကျွေးခြင်း သည် ကလေးငယ်များ၏ ကျန်းမာရေးကို အထိုက်အလျောက်ကာကွယ်ပေးသည်ဟု ဆိုကြ သည်။ သနပ်ခါး၏ အေးမြမှုနှင့် မိခင်၏ ချစ်ခြင်း မေတ္တာနှစ်မျိုး ပေါင်းစပ်လိုက်သည့်အခါတွင် သနပ်ခါးလိမ်းခံရသည့်ကလေးမှာ ပြီးပြည့်စုံသည့် အေးချမ်းသာယာ ကျန်းမာပျော်ရွှင်ခြင်းနှင့် နွေးထွေးမှုတို့ကို ရစေသည်ဟု မှတ်ယူထားခဲ့ကြ သည်။

**“မြန်မာ့သနပ်ခါးနေ့”ဟု သတ်မှတ်**

“မြန်မာ့သနပ်ခါးနေ့” ဖြစ်တည်လာခြင်းကို အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။ တပို့တွဲလတွင် ကျင်းပသည့်ပွဲမှာ မီးပုံပွဲဖြစ်သည်။ ထမနဲပွဲကိုလည်း ကျင်းပကြသည်။ “မီးဖုန်းလှူမြဲ၊ တပို့တွဲ” ဟု ဆိုသည့်အတိုင်း တပို့တွဲလတွင် မီးဖုန်းပွဲ (မီးပုံပွဲ) ကျင်းပလေ့ရှိကြသည်။ မီးဖုန်းပွဲဆိုသည်မှာ တပို့တွဲလ အအေးဓာတ်ပိုသဖြင့် မြတ်စွာဘုရားရှင် လက်တော်ကင်ရန် ရည်စူးကာ မီးပုံပြီးပူဇော်သော ပွဲဖြစ်ပါသည်။ ထိုမီးဖုန်းပွဲ (မီးပုံပွဲ)သည် ပုဂံခေတ် တွင် အစပြုခဲ့ပြီး မြန်မာမင်းများအဆက်ဆက် တခမ်းတနား ကျင်းပခဲ့သည်။ သနပ်ခါးပင်အများဆုံး ပေါက်သည့် အညာမြေဒေသများ၌ မီးဖုန်းပွဲကျင်းပ ရာတွင် ထင်းကိုအသုံးမပြုဘဲ သနပ်ခါးအတုံး၊ အကိုင်းအခက်အလက်များကို အသုံးပြုကြသည်။ ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ စသည့် အမွှေးနံ့သာ သားများနှင့်ရောပြီး မီးရှို့ပူဇော်ကြသည်။ မီးဖုန်း ပွဲတော်အတွက် သနပ်ခါးခုတ်ရန် သနပ်ခါးတောရှိရာ သို့ တပျော်တပါး စုပေါင်းထွက်ကြသည်။ ရရှိသည့် သနပ်ခါးများကို တပို့တွဲလပြည့်နေ့တွင် မြတ်စွာ ဘုရားရှင်အား ရည်မှန်းကာ အမွှေးနံ့သာသားတို့နှင့် ပေါင်းစုပြီး မီးပူဇော်ကြသည်။ တပို့တွဲလပြည့်နေ့ သနပ်ခါးဖြင့် မီးဖုန်းပွဲ (မီးပုံပွဲ) ပူဇော်ခြင်းသည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။ ရှေးနှစ်ပေါင်းများစွာ အစဉ်အဆက် သနပ်ခါးသား ဖြင့် မီးပူဇော်ခဲ့သည်ကို အကြောင်းပြုအမှတ်ရစေရန် တပို့တွဲလပြည့်နေ့ကို “မြန်မာ့သနပ်ခါးနေ့” ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ ထိုနေ့ကို မြန်မာနိုင်ငံ သနပ်ခါးအသင်းက သတ်မှတ်ပေးခဲ့သည်။

မြန်မာတို့ သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေး မှုဓလေ့သည် အေဒီ ၅ ရာစုမှ အေဒီ ၉ ရာစုအတွင်း စတင်ထွန်းကားခဲ့သည်ဟုလည်း ပြောဆိုမှုရှိခဲ့သည်။ ပျူခေတ်ကတည်းက သနပ်ခါးကို နှစ်သက်စွဲလမ်းစွာ အသုံးပြုလာကြသည်ဟုလည်း ယူဆကြသည်။ သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေးမှုဓလေ့သည် အေဒီ ၁၁ ရာစု ပုဂံခေတ်ကတည်းက စတင်ခဲ့သည်။ မြန်မာ့ရိုးရာသနပ်ခါးလိမ်းသည့် ယဉ်ကျေးမှု အထောက်အထားအဖြစ် အေဒီ ၁၁ ရာစု ပုဂံနဂါးရုံ ဘုရားနှင့် အပယ်ရတနာဘုရားရှိ နံရံဆေးရေးပန်းချီ ကားများတွင် သနပ်ခါးနှင့် ယှဉ်တွဲအသုံးပြုလေ့ ရှိသော ကျောက်ပျဉ်နှင့် အလှဆင်နေသည့် မိန်းမပျိုပုံများကို တွေ့ရသည်။ ထို့ကြောင့် ပုဂံခေတ် တွင်လည်း မြန်မာမိန်းမပျိုတို့သည် သနပ်ခါးဖြင့် အလှဆင်လိမ်းခြယ်ကြကြောင်း သိနိုင်သည်။

**သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေးမှုဓလေ့ ဖြစ်တည်ခဲ့မှုကို ပြသ**

သက္ကရာဇ် ၇၄၅ ခုနှစ် ရာဇာဓိရာဇ်မင်းသည် ဗညားနွဲ့မင်းသားဘဝဖြင့် ဒဂုန်သို့ချီတက်ရာ ကြင်ရာတော်ထံ ရေးသားပေးပို့သည့် အိုင်ချင်းတွင် သနပ်ခါးအကြောင်းကို “သနပ်ခါးကျောက်ပြား ပေါ်တွင် သောက်ရေအေးနှင့် ရောသွေးပါလျှင် နံ့သာအပေါ်ကျဲတတ်တယ်” ဟု ရေးသားထားပါ သည်။ မြိုင်မြို့နယ်တွင် သနပ်ခါးနှင့်ပတ်သက်သည့် ပါးစပ်ရာဇဝင်တစ်ခုကိုလည်း သိမှတ်ရသည်။ အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် တိုင်းခန်း လှည့်လည်လာစဉ် ပခန်းဒေသရှိ ရှင်မတောင် အရောက်တွင် မိဖုရားအသုံးပြုသော သနပ်ခါးအစ် တိမ်းမှောက်ရာ သနပ်ခါးအရည်များ ဖိတ်စဉ်ကျကျန် ခဲ့သည်။ ဖိတ်ကျန်ခဲ့သော သနပ်ခါးအရည်များကြောင့် ရှင်မတောင်တွင် ပေါက်ရောက်နေသော သနပ်ခါးပင် များ မွှေးကြိုင်ထုံသင်းကြသည်ဟု မှတ်သားရသည်။ ထိုအကြောင်းအရာ အချက်အလက်များသည် လည်း မြန်မာတို့သနပ်ခါးလိမ်းသည့် ရိုးရာ ယဉ်ကျေးမှုဓလေ့ဖြစ်တည်ခဲ့မှုကို ပြသနေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးသုံးစွဲလာကြသည်မှာ နှစ်များရှည်ကြာခဲ့သည်ကို ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားကြီးက ကဏှာနှင့်ဇာလီအား နှိပ်စက် သဖြင့် ဒဏ်ရာများရခဲ့ရာ နတ်များက ထိုဒဏ်ရာကို သနပ်ခါးလိမ်းပေးခဲ့ခြင်းဆိုသည့် မှတ်တမ်းက ဖော်ပြနေသည်။

သက္ကရာဇ် ၈၄၆ ခုနှစ် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ပျို့အရ အင်းဝခေတ် မြန်မာအမျိုးသမီးများ သနပ်ခါးအသုံးပြုခဲ့မှုကို သိနိုင်သည်။ သက္ကရာဇ် ၁၁၄၃ ခုနှစ်က ရာမရကန် ဦးတိုး၏ နန်းတွင်းသူတို့ အလှအပ အပြင်အဆင်ကို ရေးသားခဲ့သည်မှာလည်း ဘိုးတော်ဘုရားလက်ထက်ကပင် သနပ်ခါးသုံးစွဲမှု ရှိနေသည်ကို သိရှိနိုင်ပါသည်။

စာမျက်နှာ ၇ သို့ ☆



❋ “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” ကို ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များရှိခဲ့သည်။ ယခုနှစ်တွင် ယင်းလိုအပ်ချက်များနှင့် အများပြည်သူပါဝင်သည့် အထောက်အထားများ ထပ်မံဖြည့်ဆည်း၍ ပြန်လည်တင်သွင်းရန် ဆောင်ရွက်လျက်ရှိ

❋ မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများအဖြစ် သနပ်ခါးရက်သတ္တပတ် သို့မဟုတ် သနပ်ခါးလကို ဖေဖော်ဝါရီလတစ်လလုံး ဆောင်ရွက်ခြင်းသည် “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးနှင့် ပါဝင်နိုင်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးခြင်းပင်ဖြစ်

# မွန်ပြည်နယ် ဝန်ကြီးချုပ် မော်လမြိုင်မြို့ရှိ ဘုရားစေတီပုထိုးများနှင့် ရှေးဟောင်းသာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံထားမှုအတွက် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်

မော်လမြိုင် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ နတ်မှော်စာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော် ဘုရားစေတီပုထိုးများနှင့် ရှေးဟောင်းသာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံထားမှုအတွက် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နတ်မှော်ကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ် ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ နတ်မှော်စာသင်တိုက်အတွင်း အသစ်တည်ထား ကိုးကွယ်အပ်သော ကောင်းမှုတော် စေတီတော်နှင့် ကျောင်းမုခ်ဦး၊ စတီးတံခါး၊ ပညာဒီပ ကျောင်းဆောင်နှင့် မေတ္တာဒီပဘောဇနကျောင်းဆောင်၊ ကျောင်းဝင်းအတွင်း ကွန်ကရစ်ခင်းခြင်း၊ ရှေးနှစ်ပေါင်းများစွာက ဆောက်လုပ်လှူဒါန်းထားခဲ့သည့် ရှေးဟောင်းစေတီတော်၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရှေးဟောင်းသာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အကြိမ်(၇၀)မြောက် သုဓမ္မာဝိနယာဓိက စာမေးပွဲကြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားတက်ရောက်၍ စာအောင်ဆုများ ဆက်ကပ်လှူဒါန်း

ပုသိမ် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်လုံးဆိုင်ရာ သုဓမ္မာဆရာတော်ကြီးများကြီးမှူးကျင်းပသော အကြိမ်(၇၀)မြောက် သုဓမ္မာဝိနယာဓိကစာမေးပွဲကြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မရမ်းကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖူးမြော်ကြည်ညို၍ စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။



ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တဝိသုတ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် သြဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများအား တာဝန်ရှိသူတစ်ဦးထံသို့ ဆက်လက်လှူဒါန်းသည်။

ယင်းနောက်အကြိမ်(၇၀)မြောက် သုဓမ္မာဝိနယာဓိက စာမေးပွဲကြီးတွင် ဓမ္မာစရိယသုံးကျမ်းအောင် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ ဓမ္မာစရိယ နှစ်ကျမ်းအောင် သံဃာတော်တစ်ပါး၊ ဓမ္မာစရိယ တစ်ကျမ်းအောင် သံဃာတော်ငါးပါး၊ ပထမကြီးတန်းတွင် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ ပထမလတ်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ ပထမငယ်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ အခြေပြုမူလတန်းတွင် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ မူလတန်းတွင် ပထမ၊ ဒုတိယနှင့် တတိယအဆင့်ဖြင့် အောင်မြင်ခဲ့ကြသည့် သံဃာတော်များ၊ အခြေပြုမူလတန်းအောင် သီလရှင် နှစ်ပါး၊ မူလတန်းအောင် သီလရှင်ငါးပါးနှင့် ဓမ္မာစရိယ တစ်ကျမ်းအောင် လူပုဂ္ဂိုလ်တစ်ဦးတို့အား အောင်လက်မှတ်များကို နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဘဒ္ဒန္တဝိသုတ ဆရာတော်ကြီးက လည်းကောင်း၊ စာအောင်ဆုနှင့် နဝကမ္မအလှူတော်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ သယံဇာတရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများကလည်းကောင်း ဆက်ကပ်လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်လုံးဆိုင်ရာ သုဓမ္မာဆရာတော်ကြီးများကြီးမှူးကျင်းပသော အကြိမ်(၇၀) မြောက် သုဓမ္မာဝိနယာဓိက စာမေးပွဲကြီးတွင် သံဃာတော် ၆၃၅ ပါး ဝင်ရောက်ဖြေဆိုတော်မူကြပြီး ၄၆၉ ပါး ဖြေဆိုအောင်မြင်တော်မူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

☆ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံတွင် မည်သည့်နေရာသို့သွားသွား သနပ်ခါးလိမ်းကျံထားသော အမျိုးသမီးများကို မြင်တွေ့နေရခြင်းက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို သက်သေသာဓကဖြင့် ပြသနေခြင်းပင်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် သနပ်ခါးကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက လိမ်းကျံအလှခြယ်သသော ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ သနပ်ခါးကို မခုံမင်မနှစ်သက်သော မြန်မာအမျိုးသမီးဟူ၍ မရှိသလောက်ပင်ရှားပါးပါသည်။ ယခုအခါတွင် မြန်မာအမျိုးသမီးများသာမက အမျိုးသားများပါ အသုံးပြုလာကြသည်။ နိုင်ငံအတွင်းနေထိုင်ရာ အရပ်ဒေသ၊ လူမျိုး၊ ဘာသာကွဲပြားကြသော်လည်း မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြင်းဓလေ့သည်ကား အားလုံးတူညီမှုရှိနေသည်။

မြန်မာ့ရိုးရာသနပ်ခါးကို မြန်မာအမျိုးသမီးများအနေဖြင့် တောရောမြို့ပါ နှစ်သက်မြတ်နိုးစွာလိမ်းလေ့ရှိခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ဖော်ထုတ်ပြသနေခြင်းပင် ဖြစ်ပါသည်။ ရှေးခေတ် နန်းတွင်းသူများမှအစ တောသူတောင်သားများ ကောက်စိုက်၊ စပါးရိတ်အဆုံးအထိ သနပ်ခါးကို မျက်နှာတွင် လည်းကောင်း၊ လက်မောင်းများနှင့် လည်ပင်းတို့တွင် လည်းကောင်း နေရောင်ခံအဖြစ် လိမ်းလေ့ရှိကြသည်။

သနပ်ခါးလိမ်းခြင်းဓလေ့ကို ရှေးပဝေသဏီကပင် စတင်ခဲ့ကြသကဲ့သို့ နောင်တွင်လည်း မည်သည့်ခေတ်အခါမျှ သနပ်ခါးလိမ်းခြင်းဓလေ့ အစဉ်အလာ ပျောက်ကွယ်သွားမည်မဟုတ်ပါ။ ယနေ့ထက်တိုင် မြန်မာအမျိုးသမီးအားလုံးနီးပါး ခြေဆုံးခေါင်းဆုံးလိမ်းကာ အမျိုးမျိုးခြယ်သစွဲမက်နေကြဆဲ၊ မြတ်နိုးနှစ်သက်နေဆဲဖြစ်သည်။ ပါးပြင်ထက်တွင် သနပ်ခါးပါးပါးလေးလိမ်းထားသည့် မိန်းမပျိုလေးတစ်ဦး၏ အလွန်ယဉ်ကျေးဖွယ် အလှတရားများကို ယနေ့တိုင် မြင်တွေ့နေရခြင်းသည် မြန်မာတို့၏ ရိုးရာသနပ်ခါး ယဉ်ကျေးမှုဓလေ့ နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်တည်တံ့ထွန်းကားနေမည်ကို ပြသနေခြင်းဖြစ်သည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့သည် မြန်မာတစ်မျိုးသားလုံးက မြတ်နိုးတန်ဖိုးထားကြသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့်အပြင် မြန်မာတို့အတွက် အဖိုးတန်ယဉ်ကျေးမှုဓလေ့တစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာတစ်မျိုးသားလုံးက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြင်းဓလေ့ ပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပြီး မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့ ရေရှည်တည်တံ့စေရန် ကြိုးစားကြရမည်ဖြစ်ပါသည်။

ထို့အတူ မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ကမ္ဘာကသိရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" ကို ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များရှိခဲ့သည်။ ယခုနှစ်တွင် ယင်းလိုအပ်ချက်များနှင့် အများပြည်သူပါဝင်သည့် အထောက်အထားများ ထပ်မံဖြည့်ဆည်း၍ ပြန်လည်တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဝင်ရန် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုများလည်း ကျင်းပလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" ပါဝင်နိုင်စေရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❍ MNL ပြိုင်ပွဲမှ

နှစ်သင်းစလုံး အမာခံကစားသမား အများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပွဲအသင်း ဂိုးသမား ချစ်မင်းထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၄၁ မှတ်၊ အား/ကာသိပွဲအသင်းက ၂၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၂၀) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲပြီးတာနဲ့ နိုင်ငံတော်ရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းပြီး ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကပြခန်းပြသပြီး နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည် –


ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ

**မေး ။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းမှာ MSME လုပ်ငန်းရှင်တွေက နည်းပညာပံ့ပိုးပေးဖို့ တောင်းခံမှုတွေရှိတယ်လို့ သိရှိရတဲ့အတွက် ဒီအပေါ်မှာ ပထမဆုံး ဆွေးနွေးသုံးသပ်ပေးပါ။**

**ဖြေ ။ ။** စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ရရှိတဲ့ ဒေသထွက်ကုန်ကြမ်းတွေကနေ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းကသာ နိုင်ငံ့အမျိုးသားရေးရည်မှန်းချက်တွေနဲ့ နိုင်ငံတော်ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေဖို့ အမှန်တကယ် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေက ထုတ်လုပ်ရရှိတဲ့ ဒေသထွက် ကုန်ကြမ်းတွေဆိုတာက ဘယ်တော့မှ ကုန်ခမ်းသွားတယ်ဆိုတာ မရှိနိုင်ပါဘူး။

သတ်မှတ်ကာလ အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်တာနဲ့ ကုန်ကြမ်းတွေက ပြန်လည်ရရှိနိုင်တယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကိုသာ အခြေပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းဆောင်ရွက်သွားနိုင်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲ ထုတ်ကုန်လုပ်ငန်းတွေလို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ အရည်အသွေးမြင့် တန်ဖိုးမြင့် MSME ထုတ်ကုန်တွေကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ရောင်းချနိုင်ဖို့ နည်းပညာပိုင်းကလည်း အခရာကျတဲ့ ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ MSME ထုတ်လုပ်ရေးကွင်းဆက်တစ်လျှောက် နည်းပညာရွေးချယ်မှုမှန်ကန်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်ရေးကွင်းဆက်အတွင်းက လုပ်ငန်းစဉ်တွေဟာ စံချိန်စံညွှန်းတွေနဲ့အညီ ဖြစ်ဖို့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ခေတ်မီနည်းပညာသုံး စွမ်းရည်မြင့် စက်ပစ္စည်းကိရိယာတွေနဲ့ လည်ပတ်သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် စွမ်းအင်သုံးစွဲနိုင်မှုကို ချွေတာနိုင်တဲ့အပြင် ထုတ်လုပ်ရေးအတွက် အချိန်ကုန်သက်သာ၊ ထုတ်လုပ်စရိတ်သက်သာလာနိုင်မှာပဲ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ထုတ်ကုန်တွေကို အရည်အသွေး ထောက်ခံချက်တွေ၊ အသိအမှတ်ပြုမှုတွေနဲ့အညီ ထုတ်လုပ်ထားတယ်ဆိုတာ အဓိကပြသနိုင်မယ်။ ပြီးတော့ ပြည်တွင်းနဲ့ နိုင်ငံတကာဈေးကွက်တွေရဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေမှာ ဖော်ထုတ်ပြသနိုင်သွားမှာဖြစ်ပါတယ်။


(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

အဓိကကတော့ MSME လုပ်ငန်းရှင်တွေဆီမှာ နည်းပညာဆိုင်ရာ ပုစ္ဆာတွေ၊ အရည်အသွေး အသိအမှတ်ပြုမှု ထောက်ခံချက်ရရှိဖို့ ပံ့ပိုးပေးဖို့ လိုအပ်ချက်တွေ၊ လုပ်ငန်းခွင်အခက်အခဲတွေ ရှိနေတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့၊ သုတေသန ရပ်ဝန်းထဲမှာရှိတဲ့ ဌာနတွေ၊ တက္ကသိုလ်နဲ့ ကောလိပ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ သုတေသနအဖွဲ့တွေနဲ့ ဓာတ်ခွဲခန်းတာဝန်ခံတွေမှာ လုပ်ငန်းရှင်တွေရဲ့ ပုစ္ဆာတွေ၊ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ့် သီအိုရီဆိုင်ရာ အဖြေတွေရှိနေတယ်။ တိကျမှန်ကန်စွာ တိုင်းတာစစ်ဆေးပေးနိုင်မယ့် စက်ပစ္စည်းကိရိယာတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာန ပြခန်းတွေမှာ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံကြပါတယ်။

**မေး ။ ။ ဒီလို နည်းပညာပံ့ပိုးပေးဖို့ ပြပွဲကနေ တစ်ဆင့် တောင်းခံမှုအခြေအနေကိုလည်း သိရှိပါရစေ။**

**ဖြေ ။ ။** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကနေ ပြခန်းအမှတ် (၆)နဲ့ ပြခန်းအမှတ် (၂၇) Digital Corner ပြခန်းနှစ်ခု ပြသထားပါတယ်။ ဒီပြခန်းနှစ်ခုပေါင်းမှာ ပြပွဲအစကနေ ပြပွဲနောက်ဆုံးနေ့ ဒီနေ့မနက်ပိုင်းအထိ နည်းပညာပိုင်း ပံ့ပိုးပေးဖို့ ပူးပေါင်းဆောင်ရွက်ဖို့ တောင်းခံသူ ၅၀၊ နည်းပညာဝန်ဆောင်မှုနဲ့ သင်တန်းပေးဖို့ တောင်းခံသူ ၂၁၀ ရှိခဲ့ပါတယ်။ ပြီးတော့ မြန်မာစံချိန်စံညွှန်းစာအုပ် ၄၆ အုပ်ဝယ်ယူသူတွေလည်း ရှိခဲ့တယ်။ တိကျမှန်ကန်စွာ တိုင်းတာမှု၊ မြန်မာစံချိန်စံညွှန်းနဲ့ ISO ရယူရေးကိစ္စ မေးမြန်းဆွေးနွေး တောင်းဆိုသူ ၈၂ ဦးရှိခဲ့ပါတယ်။ MSME ထုတ်ကုန်တွေရဲ့ စံနှုန်းအရည်အသွေးတွေကို စမ်းသပ်စစ်ဆေးပေးဖို့ ပေးပို့တာတွေလည်း ရှိပါတယ်။


ကချင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

ဒါကြောင့် ဒီပြပွဲကနေ MSME လုပ်ငန်းရှင်တွေရဲ့ သက်ဆိုင်ရာလုပ်ငန်းအလိုက် ပိုမိုတိုးတက်အောင်မြင်စေဖို့ နည်းပညာလိုအပ်ချက်တွေ၊ စိန်ခေါ်မှု အခက်အခဲတွေကို သိရှိရတယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်မယ့် သုတေသနစမ်းသပ်မှုတွေ၊ လေ့လာမှုတွေ အပါအဝင် ဘာတွေလုပ်ဆောင်ပေးရမယ်ဆိုတာ သိရှိခဲ့ရပါတယ်။

**မေး ။ ။ လုပ်ငန်းရှင်တွေအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမယ့်အရာတွေကိုလည်း သိပါရစေ။**

**ဖြေ ။ ။** ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲပြီးတာနဲ့ နိုင်ငံတော်ရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းပြီး ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေနဲ့ ဒီပြပွဲကနေ တောင်းခံထားတဲ့ နည်းပညာလိုအပ်ချက်တွေ၊ နည်းပညာစွမ်းရည်မြှင့်သင်တန်းတွေ ပို့ချပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခု ပြပွဲကြီးကတော့ စက်မှုဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာ အားလုံးပါဝင်ပြီးတော့ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်း–စီးပွား ချိတ်ဆက်မှုတွေ၊ စီးပွားရေးသံမှူးတွေနဲ့ အွန်လိုင်းကနေ ချိတ်ဆက်ဆွေးနွေးမှုတွေ၊ လုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုတွေ၊ ကိုယ့်လုပ်ငန်းတွေ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အကြံဉာဏ်တွေ၊ အရည်အသွေးမြှင့်တင်ရေး အသိပညာတွေ၊ MSME ကွန်ရက်ကိုလည်း ပိုမိုချဲ့ထွင်နိုင်ပြီး ပြည်တွင်းဖူလုံမှုမှသည် နိုင်ငံတကာ ဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နိုင်ဖို့ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆွေးနွေးမှုတွေ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အပါအဝင် နည်းပညာ အသစ်အဆန်းတွေ သုံးစွဲဖို့ အသိသစ်၊ အမြင်သစ်တွေကို ရရှိခဲ့ကြမယ်လို့ ယုံကြည်ပါတယ်။

**မေး ။ ။ လုပ်ငန်းရှင်တွေအတွက် အစီအစဉ် သစ်တွေ ဆောင်ရွက်မှာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ ။ ။** (၇၈) နှစ်မြောက် ပြည် ထောင် စု နေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲ Website ကို အင်တာနက်ပေါ် လွှင့်တင်နိုင်အောင်လည်း လမ်းညွှန်ချက်တွေနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ရေးဆွဲဖန်တီးသွားဖို့လည်း ရှိပါတယ်။ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီ Website ကနေတစ်ဆင့် ချိတ်ဆက်မှုတွေ၊ အကြံဉာဏ် တောင်းခံမှုတွေကို လုပ်ဆောင်သွားနိုင်မယ်။ ဒီကနေ တစ်ဆင့်စဉ်ဆက်မပြတ်ဖြည့်ဆည်းပံ့ပိုးပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ဌာနအနေနဲ့ လာမယ့်နှစ်တွေမှာကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲတွေမှာ ဆုချီးမြှင့်ခြင်းအခမ်းအနား အပါအဝင် နည်းပညာဆိုင်ရာ ဆောင်ရွက်ဖို့အပါအဝင် လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ ပိုမိုဆန်းသစ်တဲ့ နည်းပညာတွေကို တီထွင်ဖန်တီးဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ။

**မေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ကိုကြီးထိန်**


စက်မှုဝန်ကြီးဌာနထုတ်ကုန်ပစ္စည်းအရောင်းဆိုင်၌ ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးရက်တွင် ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု လေ့လာဝယ်ယူသူများဖြင့် အထူးစည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တပေါင်းကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်ပြီး ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ၊ MSME လုပ်ငန်းရှင်အများအပြားသည် စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်ကြည့်ရှုလေ့လာကြကာ အထူးစည်ကားလျက်ရှိသည်။

နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြခန်းများအပြည့် လာရောက် လေ့လာကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းအလိုက် တာဝန်ရှိသူများက ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သိရှိလိုသမျှ ရှင်းလင်းဖြေကြားပေးလျက်ရှိပြီး လာရောက်လေ့လာဝယ်ယူသူများ များပြားသည့်အတွက် အချို့ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ရိုးရာအဝတ်အထည်များအား ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထွက်ရှိသည့် ဒေသအလိုက် အစားအစာများ၊ ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ ပြည်သူများ စိတ်ကြိုက် ဝယ်ယူစားသုံးနိုင်ရန် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူ စားသုံးသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး တိုင်းရင်းသားရိုးရာအစားအစာများသည် ပြတ်လပ်သည်အထိ ရောင်းချရသည်ကို တွေ့ရှိရသည်။

ပြပွဲရက်များအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ပြခန်းသည် ဆန်၊ ဆီနှင့် ကုလားပဲတို့ကို နေ့စဉ် ဝေငှပေးလျက်ရှိပြီး ယနေ့တွင်လည်း ပွဲတော်လာပြည်သူအများအပြား စီတန်းရယူလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက် ဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ One Stop Services များ ရယူနိုင်ရေးတို့ကို ကြိုးပမ်း ချိတ်ဆက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ညပိုင်းတွင် ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်သူအကြိုက် တေးသီချင်းများဖြင့် မြူးကြွစွာ သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်သူများသည် တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့ရသည်။

သတင်း - သန်းမင်းအောင်
အောင်မင်းထွန်း
ဓာတ်ပုံ - ကိုအေးသန်း



မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၃၀ ကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁ ဦးကို ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၆၉ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရသည်-

**Mr. Qian Le Ping**

**(တရုတ်နိုင်ငံသား)**

မိုင်းလားမြို့မှာ အလုပ်ကောင်းရမယ်။ လစာများများရမယ်ဆိုတဲ့ အလုပ်ခေါ်စာတွေ့လို့ ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်မှာ တရုတ်နိုင်ငံကတစ်ဆင့် မိုင်းလားမြို့ကို တရားမဝင်လမ်းကြောင်းကနေ ဝင်ရောက်ခဲ့ပါတယ်။ မိုင်းလားမြို့ကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး Xiao Mu ရဲ့ Yong Le Gong အွန်လိုင်းဂိမ်းကုမ္ပဏီမှာ ငါးနှစ် အလုပ်လုပ်ခဲ့ပါတယ်။ မိုင်းလားကတစ်ဆင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှာ ရွှေကုက္ကိုလ်ကို ရောက်ရှိပြီး တရုတ်လူမျိုး Xiao Duo Duo ရဲ့ Hong Tu Guo Ji ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် ကွန်ပျူတာနဲ့ ဂိမ်းကြော်ငြာပေးရတဲ့အလုပ်ကို နေ့တိုင်း မွန်းတည့် ၁၂ နာရီကနေ ည ၁၂ နာရီအထိ လုပ်ပေးရပါတယ်။ တစ်လကို ဘတ်ခုနစ်ထောင်နဲ့ သုံးလစာပဲရရှိပြီး ကျန်လတွေမှာ လစာမရခဲ့ပါဘူး။

**Mr. Zhuo Li**

**(တရုတ်နိုင်ငံသား)**

ကျွန်တော်လုပ်ရတဲ့အလုပ်က တရုတ်လူမျိုးပိုင်တဲ့ Jin Man Tang ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့်လိမ်လည်ပြီး မက်ဆေ့ပို့ရတဲ့ အလုပ်ကိုတစ်ရက် ၁၆ နာရီခန့် အလုပ်လုပ်ရပြီး အဲဒီမှာ ကိုးလခန့်ကြာခဲ့ပါတယ်။ ပထမလမှာ ဘတ်ငါးထောင်ရပါတယ်။ ကျန်လတွေမှာတော့ လစာမရပါဘူး။ ရွှေကုက္ကိုလ်ကို ဝင်ရောက်ခဲ့တဲ့ လမ်းကြောင်းကတော့ တရုတ်နိုင်ငံကနေ လာအိုနိုင်ငံကို အရင်သွားခဲ့ပါတယ်။ လာအိုနိုင်ငံကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ကားနဲ့ ထွက်ခွာခဲ့ပါတယ်။ ဘန်ကောက်မြို့ကတစ်ဆင့် ထိုင်းလူမျိုး ယာဉ်မောင်းတစ်ဦးရဲ့ အကူအညီနဲ့ မဲဆောက်မြို့ကို ဆက်ထွက်ခဲ့ပါတယ်။ မဲဆောက်မြို့ကိုရောက်တော့ ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ မြစ်တစ်ခုကို စက်လှေနဲ့ဖြတ်ပြီး ရွှေကုက္ကိုလ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ တစ်လကို ယွမ်တစ်သောင်းရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးရဲ့ ဆက်သွယ်ပေးမှုကြောင့် အခုလို ထွက်လာခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာတော့ ထိန်းသိမ်းခံခဲ့ရပါတယ်။

**စာမျက်နှာ ၁၁ သို့ ✻**









❊ စာမျက်နှာ ၁၀ မှ

**Mr. Xu Yuan Shun**

**(တရုတ်နိုင်ငံသား)**

ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁၂၀၀၀ ရတဲ့အလုပ် လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေခေါ်တဲ့ တရုတ်နိုင်ငံသား တစ်ဦးက ဆက်သွယ်ပေးတဲ့အတွက် ၂၀၂၄ ခုနှစ် မေ ၃ ရက်မှာ လေယာဉ်နဲ့ တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ဗန်ကောက်မြို့ကို ရောက်တော့ တရုတ်လူမျိုး ယာဉ်မောင်းတစ်ဦးက မဲဆောက်မြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်မြို့ကို မေ ၄ ရက်မှာ ရောက်ရှိခဲ့ပါတယ်။ မဲဆောက်မြို့ကနေတစ်ဆင့် ထိုင်းလူမျိုး တစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ ရွှေကုက္ကိုလ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်ကို မရောက်ခင် စက်လှေနဲ့ မြစ်တစ်မြစ်ကို ဖြတ်ခဲ့ရပါတယ်။ ရွှေကုက္ကိုလ်ကို ရောက်တော့ တရုတ်လူမျိုးပိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ရပြီး အွန်လိုင်းကနေ လိမ်လည်ကာ လူရှာဖွေပေးရတဲ့ အလုပ်ကို တစ်နေ့ ၁၆ နာရီ လုပ်ပေးရပါတယ်။ တစ်လကို ဘတ် ၂၀၀၀ ရရှိပါတယ်။ ကိုးလခန့် လုပ်ကိုင်ခဲ့ရပါတယ်။

**Mr. Phimsanduk**

**(ထိုင်းနိုင်ငံသား)**

ကျွန်တော်က (Electronic) အထူးပြုဘာသာရပ်နဲ့ ကျောင်းပြီးပါပြီ။ ကျောင်းပြီးတော့ ဇာတိမြို့ဖြစ်တဲ့ Lam Phun မြို့မှာပဲ အလုပ်လုပ်ခဲ့ပါတယ်။ အလုပ်လုပ်နေရင်း ရွှေကုက္ကိုလ်မှာ လစာကောင်းတဲ့ အလုပ်လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေ အဆက်အသွယ်ရခဲ့ပါတယ်။ အွန်လိုင်းကနေ လူရှာပေးရတဲ့ အလုပ်လုပ်ရမယ်။ လစာ တစ်လဘတ် ၃၀၀၀၀ ရမယ်လို့ Facebook ပေါ်မှာတွေ့တဲ့ အမျိုးသမီးတစ်ဦးက ဆက်သွယ်ပြောဆိုလာခဲ့တဲ့အတွက် အလုပ်လုပ်ဖို့ ထိုင်းနိုင်ငံ Lam Phun မြို့ကနေ ခရီးသည်တင်ယာဉ်နဲ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ ထွက်လာခဲ့ပါတယ်။ မဲဆောက်မြို့ကို ရောက်တဲ့အခါမှာ ထိုင်းလူမျိုး အမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး သောင်ရင်းမြစ်ကမ်းစပ်ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မြစ်ကို စက်လှေနဲ့ ဖြတ်ကူးပြီး တစ်ဖက်ကမ်းကို ရောက်တဲ့အခါမှာ တရုတ်လူမျိုး အမျိုးသား တစ်ဦးက ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်မှာရှိတဲ့ Hong Chu ကုမ္ပဏီကို ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ အွန်လိုင်းဂိမ်း အလုပ်ကို လုပ်ကိုင်ဖို့ ကွန်ပျူတာပညာကို သင်ယူနေတုန်းဖြစ်ပါတယ်။ သင်ယူနေတုန်း ထိန်းသိမ်းခံလိုက်ရတာဖြစ်ပါတယ်။ **သတင်းစဉ်**



Mr. Qian Le Ping



Mr. Zhuo li



Mr. Xu Yuan Shun



Mr. Phimsanduk

## ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ ကို လူငယ်များနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ဂျပန်ပညာရေးပြပွဲ (ရန်ကုန်) ၂၀၂၅ ကို ဖေဖော်ဝါရီ ၁၅ ရက် (စနေနေ့)နှင့် ဖေဖော်ဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းအမှတ် ၅၂၇ ရှိ M–Tower တွင် ကျင်းပရာ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့်စိတ်ပါဝင်စားသူများလာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး MAJA Education Center တို့ပူးပေါင်းပါဝင်မှုဖြင့် GSS Japanese Language Center က ကျင်းပခြင်းဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းကောလိပ်များနှင့် ဂျပန်ဘာသာ သင်တန်းကျောင်းများမှ တာဝန်ခံဆရာ ဆရာမများက ပြပွဲတွင် ရှင်းလင်းပြောကြားသည်။

ဂျပန်/မြန်မာစကားပြန်များကိုလည်းစီစဉ်ပေးထားပြီး လွတ်လပ်စွာတိုက်ရိုက်မေးမြန်းဆွေးနွေးကြသည်။

ထို့ပြင် ပါဝင်ပြသသည့်ဂျပန်စာသင်ကျောင်းများအကြောင်းမိတ်ဆက်ခြင်း၊ ဂျပန်ပညာတော်သင်ဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာအခွင့်အလမ်းများ၊ တက္ကသိုလ်တက်ရောက်နိုင်မည့် အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အချိန်ပိုင်းအလုပ်များနှင့်ပညာတော်သင်ဆိုင်ရာအတွေ့အကြုံများကို ဆွေးနွေးဟောပြောကြသည်။

ပညာတော်သင် ထောက်ပံ့ကြေးရရှိရန် ကျောင်းသား ကျောင်းသူများအတွက် MAJA နှင့် OJEIC အဖွဲ့အစည်းမှ နှစ်စဉ်ပေးအပ်လေ့ရှိသော Scholarship Program များ၊ စာပေပြိုင်ပွဲများကိုလည်း ပြပွဲတွင်ရှင်းလင်းပြောကြားသည်။

ပြပွဲတွင်ဂျပန်နိုင်ငံမှ Kyoto University of Advanced Science၊ Chinzei Gakuin University၊ Yu Language Academy တို့ပါဝင်ပြီး Myanmar Japan Center for Human Resources Development၊ Okayama University Japan Educational Information Center (OJEIC )၊ Myanmar Association of Japan Alumni ( MAJA )၊ The Japan Foundation တို့ပါဝင်ပြသကြသည်။

ဂျပန်နိုင်ငံမှ License Academy International Department မှ YUJI KANASHIKI ကဂျပန်နိုင်ငံ၏ပညာရေးနှင့် ကျောင်းများအကြောင်းကို ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့်စိတ်ပါဝင်စားသူများလာရောက်ကြည့်ရှုလေ့လာကြသည့်အတွက် ဝမ်းသာရပါကြောင်း၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) ကို နိုင်ငံတကာမှဝင်ရောက်ဖြေဆိုရာတွင်မြန်မာနိုင်ငံမှဒုတိယလူဦးရေ အများဆုံး ဖြစ်သည့်အတွက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

GSS Japanese Language Center မှ ကိုလပြည့်က ဂျပန်ပညာရေးပြပွဲကို ကျင်းပလာသည်မှာ ကိုးနှစ်ရှိပြီဖြစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ထပ်မံ ကျင်းပရန်စီစဉ်ထားကြောင်း ပြောကြားသည်။

**မျိုးမင်းသူရ**

## မုဒုံမြို့၌ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်

**မုဒုံ ဖေဖော်ဝါရီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁) နှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံမြို့)ရှိ စိုက်ပျိုးရေး အသက်မွေးမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင်က မြန်မာနိုင်ငံတွင် ရော်ဘာဧက ၁၆ သိန်းကျော်ရှိသည့်အနက် မွန်ပြည်နယ်တွင် ငါးသိန်းကျော် စိုက်ပျိုးထားရှိကြောင်း၊ ရော်ဘာတစ်ဧက အထွက်နှုန်း ပေါင် ၇၀၀ ကျော်ထွက်ရှိပြီး အခြားအိမ်နီးချင်းနိုင်ငံများထက် အထွက်နှုန်းနည်းနေခြင်းကြောင့် အထွက်နှုန်းတိုးတက်ရန် အစေးခြစ်နည်းပညာသည် အရေးကြီးသည့်အချက်တွင် ပါဝင်ကြောင်း၊ ယခုသင်တန်းတွင် ကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပြီး မိမိတို့ဒေသများတွင် နည်းပညာများကို ဖြန့်ဝေပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန်နှင့် ကရင်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ အား ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ ဆောင်းပဲတီစိမ်းစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၆**

ညောင်လေးပင် မြို့နယ်၌ ဆောင်းပဲတီစိမ်းစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်း ကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ တောင်သူ ဒေါ်အေးမာလာ၏လယ်မြေတွင် စိုက်ပျိုးထားရှိသောပဲတီစိမ်းသြဇီ ၁၅ ဧကတွင် စံကွက်ရိတ်သိမ်းခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်တို့က ဆောင်းပဲတီစိမ်းစိုက်ပျိုးရခြင်းကြောင့် ရရှိမည့်အကျိုးများနှင့် နှစ်စဉ်စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ရန်များကို ရှင်းလင်းပြောကြားပြီး ကျွမ်းကျင်ပညာရှင်များက စက်များအသုံးပြုကာ ရိတ်သိမ်းပေးကြသည်။

ဆောင်းပဲတီစိမ်း စံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ခရိုင်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြပြီး ဒေသခံတောင်သူ ၅၁ ဦးခန့် တက်ရောက်လေ့လာခဲ့ကြသည်။

ဆောင်းပဲတီစိမ်း စံကွက်ရိတ်သိမ်းရာတွင် ပဲတီစိမ်းသြဇီတစ်ဧကလျှင်အထွက်တင်း ၃၁ ဒသမ ၂၅ တင်းထွက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



❂ MFF မှ

ပထမအကျော့အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် MIU အသင်းနှင့် ဒုတိယနေရာမှ MH Dream Team အသင်းသည် ပထမအကျော့နောက်ဆုံးပွဲနှင့် ဒုတိယအကျော့ အဖွင့်ပွဲတွင် နှစ်ပွဲဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး MIU အသင်းက နှစ်ပွဲစလုံးအနိုင်ယူကာ ထိပ်ဆုံးတွင်အမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သည်။ MH Dream Team အသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ကာ ဒုတိယနေရာမှဖယ်ပေးခဲ့ရပြီး YRG အသင်းက ဒုတိယနေရာ တက်လှမ်းနိုင်ခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် MIU အသင်းက ၂၈ မှတ်၊ YRG အသင်းက ၂၁ မှတ်၊ MH Dream Team အသင်းက အမှတ် ၂၀ ၊ Generations အသင်းနှင့် M2K အသင်းက ၁၅ မှတ်စီ၊ VUC အသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ရှစ်မှတ်စီ၊ SGF အသင်းက လေးမှတ်ရရှိထားသည်။ **ကိုညီလေး**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# MSME လုပ်ငန်းတွေကို မြှင့်တင်ခြင်းအားဖြင့် ပြည်ပဈေးကွက်တွေကို ထိုးဖောက်နိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းကနေဝင်ရောက်လာမှာ ဖြစ်ပါတယ်

**ဦးအောင်ကျော်ဆန်း**

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၏ နောက်ဆုံးနေ့တွင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆုရရှိသူများ၏ ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်-

**ဦးအောင်ကျော်ဆန်း**
**ပန်းကမ္ဘာ မြန်မာ့ပန်းပွတ်လုပ်ငန်း**
**လက်မှုထည်စံပြထုတ်ကုန်**
**အထူးဆုရ**

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ပန်းကမ္ဘာမြန်မာ့ပန်းပွတ်လုပ်ငန်းပိုင်ရှင်ပါ။ ပြည်ထောင်စုအဆင့် MSME ပြပွဲ ပြိုင်ပွဲမှာ ကျွန်တော့်ထုတ်ကုန် အနေနဲ့ လက်မှုထည်စံပြထုတ်ကုန် အထူးဆုရရှိတဲ့အတွက် ဝမ်းသာရပါတယ်။ အခုလိုဆုရရှိတဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင်သလို တိုင်းဒေသကြီးရဲ့ဂုဏ်ကို ဆောင်နိုင်တဲ့အတွက် ထပ်လောင်းဝမ်းသာရပါတယ်။ ပြီးတော့ ကျွန်တော်ရဲ့ လုပ်ငန်းကို အများပြည်သူသိရှိနိုင်အောင် နိုင်ငံပိုင်သတင်းစာတွေကနေ ဖြေကြားခွင့်ရတာကို ကျေးဇူးတင်ပါတယ်။ ဝယ်ယူအားပေးကြသူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် ကိုယ့်ရဲ့ထုတ်ကုန်တွေ ပိုမိုကျယ်ပြန့်စွာထုတ်လုပ်ဖို့နဲ့ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ဖို့ စိတ်ခွန်အားတွေရပါတယ်။ ပြီးတော့ ထုတ်ကုန်တွေကို အများပြည်သူပိုမိုသိရှိလာပြီး ကျွန်တော်တို့ လုပ်ငန်းဟာလည်း ပိုမိုတွင်ကျယ်လာမယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ချက်က MSME လုပ်ငန်းတွေကို မြှင့်တင်ခြင်းအားဖြင့် ပြည်ပဈေးကွက်တွေကို ထိုးဖောက်နိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတစ်ဖက်တစ်လမ်းကနေ ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ထုတ်ကုန်တွေကို ပြည်တွင်းရော ပြည်ပကပါ ကြိုက်နှစ်သက်ကြပါတယ်။



ဦးအောင်ကျော်ဆန်း

MSME ပြပွဲ ပြိုင်ပွဲတွေ ကျင်းပပေးပြီး MSME လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခိုင်မွန်ပြုံး**
**ပဒုမ္မာဆပ်ပြာစက်ရုံ**
**အလတ်စားစီးပွားရေးလုပ်ငန်း**
**အထူးဆုရ**

ကျွန်မကတော့ မွန်ပြည်နယ် ပဒုမ္မာဆပ်ပြာစက်ရုံက ဒုတိယစက်ရုံမှူးဖြစ်ပါတယ်။ ကျွန်မတို့စက်ရုံက အလတ်စားစီးပွားရေးလုပ်ငန်းအထူးဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့စက်ရုံက ထုတ်ကုန်တွေဟာ သွင်းကုန်အစားထိုးကုန်ပစ္စည်းတွေဖြစ်ပြီး ပြည်ပငွေကြေးကို လျှော့ချပြီး ပြည်တွင်းမှာ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူရရှိနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထုတ်လုပ်နေတဲ့ ထုတ်ကုန်တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ ထုတ်ကုန်ပစ္စည်းတွေဟာ နိုင်ငံတကာအဆင့်မီထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေဖြစ်သလို နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ ကျွန်မတို့ထုတ်ကုန်တွေကို အသိအမှတ်ပြုပေးတဲ့အတွက် ဝမ်းသာပါတယ်၊ ပီတိလည်းဖြစ်ရပါတယ်။



ဒေါ်ခိုင်မွန်ပြုံး

နောင်လည်း ဒီလို MSME ပြပွဲ ပြိုင်ပွဲတွေ မကြာခဏကျင်းပပေးဖို့ကိုလည်း တောင်းဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ မသိရှိသေးတဲ့ အမြင်သစ်တွေ၊ အတွေးသစ်တွေကို ဒီမှာရရှိပါတယ်။ ကျွန်မတို့ထုတ်ကုန်တွေနဲ့ ပတ်သက်လို့ အရည်အသွေးစိစစ်ရေးဌာနကြီးကို ဖွဲ့စည်းထားပါတယ်။ အဲဒီဌာနကမှတစ်ဆင့် ထုတ်ကုန်တွေရဲ့ အရည်အသွေးပိုင်းကို နာရီနဲ့အမျှ စိစစ်ပြီးတော့မှ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပါတယ်။ ကျွန်မတို့ထုတ်ကုန်တွေမှာဆိုရင် အဝတ်လျှော်ဆပ်ပြာမှုန့်၊ ကိုယ်တိုက်ဆပ်ပြာမှာ ဆိုရင် အရောင်လေးမျိုးနဲ့ အနံ့လေးမျိုး ထုတ်လုပ်ထားပါတယ်။ ပြီးတော့ အလှဆီ၊ ပေါင်ဒါ၊ မိတ်ကပ်စသဖြင့် ပါဝင်ယှဉ်ပြိုင်ရောင်းချပါတယ်။ သဘာဝထုတ်ကုန်တွေ ဖြစ်တဲ့အတွက် သုံးစွဲတဲ့ပြည်သူတွေအနေနဲ့ ယုံကြည်စိတ်ချစွာ သုံးစွဲလို့ရပါတယ်။ ဒီပွဲကျင်းပပေးတဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်အောင်**
**သီရိစန္ဒာ အထည်ချုပ်**
**သမဝါယမအသင်း**
**စွမ်းဆောင်ရည် ဒုတိယဆုရ**

ကျွန်တော်ကတော့ သီရိစန္ဒာ



ဦးမြင့်အောင်

အထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ပြပွဲပြိုင်ပွဲမှာ သမဝါယမအသင်း စွမ်းဆောင်ရည် ဒုတိယဆုရရှိပါတယ်။ ကျွန်တော်တို့က ဆုရရှိဖို့ပြိုင်တာတော့ မဟုတ်ပါဘူး။ ဆုရရှိတော့လည်း ကျွန်တော့်တို့အနေနဲ့ အားရဝမ်းသာ ဖြစ်မိပါတယ်။ အဓိကကတော့ ကျွန်တော်တို့က CNP လုပ်ငန်းနဲ့ချိတ်ဆက်ပြီးပြည်ပကို တင်သွင်းတာပါ။ နိုင်ငံခြားဝင်ငွေရတာ။ ပြည်သူ ၁၂၀၀ ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးထားပါတယ်။ နိုင်ငံခြားဝင်ငွေနဲ့လည်း နိုင်ငံတော်ကို အခွန်ဆောင်နိုင်ပါတယ်။ အဲဒါကတော့ ကျွန်တော့်လုပ်ငန်းရဲ့အားသာချက်ပါ။ ပြည်ပပို့တဲ့အခါမှာလည်း ထုတ်ကုန်တွေကို Made in Myan- mar နဲ့ ဂျပန်နဲ့ ဥရောပကိုပို့ပါတယ်။ ဒီမှာလာပြတော့လည်း ကြိုက်နှစ်သက်သူတွေကိုထပ်မှာပြီး ရောင်းချပေးရတာတွေလည်း ရှိပါတယ်။ ကျွန်တော်ရဲ့ သမဝါယမအသင်းဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေပါတယ်။ အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာ လုပ်ငန်းရှင်အချင်းချင်း တူရာတူရာတွေစုတာ၊ အခုဆိုရင် ၁၈ ဦးရှိပါတယ်။ လုပ်သားအင်အားကတော့ ၁၂၀၀ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ဆောင်ပုဒ်က ပစ္စည်းချင်းတူရင် ဈေးသက်သာရမယ်၊ ဈေးနှုန်းတူလျှင် အရည်အသွေးပိုကောင်းရမယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့ ထုတ်ကုန်တွေက အရည်အသွေးကောင်းပြီး ဈေးလည်း မှန်ပါတယ်။ အခုလို MSME ပြပွဲတွေ ကျင်းပတာ အလွန်ကောင်းမွန်ပါတယ်။



ဒေါ်ခင်ချမ်းမြေ့သူ

**ဒေါ်ခင်ချမ်းမြေ့သူ**
**"ချမ်း" လူသုံးကုန်ပစ္စည်းလုပ်ငန်း**
**ရန်ကုန်တိုင်းဒေသကြီးပြခန်း**

အခု MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှာ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပြခန်းမှာ ထုတ်ကုန် ၁၆ မျိုးအထိ ခင်းကျင်းပြသရောင်းချခဲ့တာဖြစ်ပါတယ်။ အဲဒီ ၁၆ မျိုးကလည်း ခုနစ်လအတွင်းမှာထုတ်ကုန် ၁၆ မျိုးထုတ်လုပ်နိုင်ခဲ့တာရယ်၊ ပြိုင်ပွဲအတွေ့အကြုံ လိုချင်တာရယ်ကြောင့် ဝင်ရောက်ပြသယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ အားလုံးက အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လာကြတာဖြစ်ပါတယ်။ ဒီနှစ်မှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ယူကလစ်ရှုလိမ်းဆီနဲ့ ကမ်းဇော်ဆီတို့ကတော့ တစ်ရာရာခိုင်နှုန်း အောင်မြင်မှုရရှိခဲ့ပါတယ်။ ဆပ်ပြာပဲဖြစ်ဖြစ်၊ ခေါင်းလျှော်ရည်ပဲဖြစ်ဖြစ် လူတွေဟာ မဖြစ်မနေအသုံးပြုနေတဲ့ အသုံးဆောင်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘယ်သူမဆို လူမျိုးမရွေး ဘာသာမရွေးအသုံးပြုနေကြတာဖြစ်ပါတယ်။ ကျွန်မဆီကနေ ဘယ်ပစ္စည်းမဆို တစ်ခုချင်းစီလိုချင်ရင်လည်း စီစဉ်ပေးဖို့ ရှိပါတယ်။ ကျွန်မရဲ့ အွန်လိုင်းစာမျက်နှာတွေမှာဆိုရင်လည်း ထုတ်ကုန်ပစ္စည်းတစ်မျိုးချင်းစီရဲ့ အနေအထားလေးတွေကိုလည်း ရှင်းပြပေးတာတွေရှိပါတယ်။ အခုပြိုင်ပွဲမှာဆိုရင် ပြိုင်ပွဲဝင်တွေရဲ့ ထုတ်ကုန်အားလုံး အရည်အသွေးက တူနေတာတွေ့ရပါတယ်။ ဆုပေးမယ့် ဒိုင်လူကြီးတွေ အတွက်လည်း



ဦးချမ်းမြေ့ပိုင်

အလွန်ခက်ခဲမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလိုပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေ ရှိလို့သာ လာရောက်ပြသရောင်းချခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ဦးချမ်းမြေ့ပိုင်**
**သိန်းသီတာ**
**စားသောက်ကုန်လုပ်ငန်း**
**မကွေးတိုင်းဒေသကြီး**

အခုလိုMSMEပြပွဲမှာလာရောက်ပြသတဲ့ ရည်ရွယ်ချက်ကတော့ ကိုယ့်ရဲ့ကုန်ပစ္စည်းကို ပြည်သူတွေပိုမိုသိရှိအောင်နဲ့ လုပ်ငန်းရှင်အချင်းချင်း ဆုံတွေ့ချင်တာပဲဖြစ်ပါတယ်။ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ရမယ့် အပိုင်းလေးတွေရှိတော့ ဒီမှာက ပိုပြီးအဆင်ပြေသွားတယ်။ ထုတ်ကုန်နှစ်ဆတိုးမြှင့်ဖို့ကို လုပ်ငန်းရှင်တော်တော်များများက လုပ်ဆောင်နေကြသလို ကျွန်တော်ကိုယ်တိုင်လည်း လုပ်ဆောင်နေပါတယ်။ ကျွန်တော့်စားသောက်ကုန်လုပ်ငန်းမှာဆိုရင် အမယ်ကိုးမျိုး ပါဝင်ပါတယ်။ ခေါက်ဆွဲနဲ့ ဆန်ချောင်းကြော်တို့ပါဝင်ပါတယ်။ ဒီမှာက ရောင်းအားလည်းကောင်းတယ်။ အခုဆိုရင် ရောင်းအားအနေနဲ့ သိန်း ၈၀ ကျော်ရောင်းချပြီးဖြစ်ပါတယ်။ ပြပွဲလာရောက် ပြသတာကတော့ ပထမဆုံးပါ။ ပြပွဲမလာခင်ကတော့ ဒီပွဲက ကြီးကျယ်ခမ်းနားတယ်လို့ပြောကြတယ်။ တကယ်လည်း ကြီးကျယ်ခမ်းနားတာကို ဒီရောက်မှပဲ တွေ့လိုက်ရပါတယ်။ အခုလိုပွဲတွေကို နှစ်စဉ်ကျင်းပပေးဖို့ တာဝန်ရှိသူအားလုံးကို တောင်းဆိုချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**အလင်းသစ်၊**
**သန်းတင်အောင်**




(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီ တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မြန်အောင်ခရိုင်၊ ကျုံပျော်ခရိုင်၊ မအူပင်ခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၆၆၄ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၁၇၈၀၁၉၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မှ နေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၁၂၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်သို့ သွားရောက်မည့် ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၃၁၇၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Higer Bus တစ်စီးနှင့် KIA Pregio Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၃၁၇၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမှ မုံရွာသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၂၄၁၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Rainbow Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀)ကို လည်းကောင်း၊ (၁၆)မိုင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၈၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myanmar Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၇၃၀၃၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ (၅)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၉၀၀ တန်၊ သစ်မာ ၆ ဒသမ ၆၂၅ တန်၊ အခြားသစ်သုည ဒသမ ၅၉၀ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၄၇၇၉၅၂၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု၊(ခန့်မှန်းတန်ဖိုးငွေ ၅၆၆၈၁၉၀၂၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

❖ **ကျောဖုံးမှ**

ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မြန်မာနှင့် လက်ဘနွန်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိမ်ရှင်နီပေါနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အုပ်စုပွဲများကို ဖေဖော်ဝါရီ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံး နှစ်သင်းမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယုကီတကဲဆုရိုနှင့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းတို့ တက်ရောက်ခဲ့သည်။

နည်းပြချုပ် ယုကီက "ပထမဆုံး အနေနဲ့ ကျွန်တော်တို့ကို ဒီပြိုင်ပွဲ ဖိတ်ခေါ်ပေးတဲ့ အိမ်ရှင်နီပေါ၊ ဝင်ရောက်ယှဉ်ပြိုင်ပေးတဲ့ လက်ဘနွန်နဲ့ ကာဂျစ္စတန်အသင်းတို့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ပြိုင်ဘက်အသင်းတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုတာကတော့ အသင်းတိုင်းက အကောင်းဆုံး ပြင်ဆင်လာတာဖြစ်လို့ ကျွန်တော်တို့ အသင်းအနေနဲ့လည်း တစ်ပွဲချင်းစီ သေချာအာရုံစိုက်ပြင်ဆင်ကာ အသင်းတိုင်းကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်ကစားသွားပါမယ်"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက "နီပေါမှာ နောက်ထပ်တစ်ကြိမ် လာကစားခွင့်ရလို့ ကျေနပ်မိပါတယ်။ ကျွန်တော်တို့အသင်းက ၂၀၂၄ ခုနှစ် ပြည်တွင်းမှာ ကစားခဲ့တဲ့ ခြေစမ်းပွဲတွေပဲရှိခဲ့ပြီး ပြည်ပထွက်ကစားတဲ့ နိုင်ငံတကာပွဲတွေ မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီပွဲဟာ အသင်းအတွက် အထောက်အကူဖြစ်စေမှာပါ။ ကျွန်တော်တို့အနေနဲ့ အသင်းတိုင်းကို အကောင်းဆုံး ကြိုးစားကစားသွားမှာပါ"ဟု ပြောကြားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – ANFA**

---

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၂-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရောက်ခဲ့လေသမျှ...သူ့ဒေသ...သူ့အလှ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ပုသိမ်မြို့မှကြိုဆိုပါ၏
- ၁၁:၂၀ ဘဝနှင့်အနုပညာ 'တေးသံရှင်ညိုမြလေးနှင့်တွေ့ဆုံခြင်း' (ဒုတိယပိုင်း)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့် ကြယ်တာရာစတားလာ' (အပိုင်း–၅၀)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၁၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၄၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း–၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း–၁၅)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Enchanting Myeik
- 07:21 Sasana Activities on Thamanya Hill
- 07:30 Myanmar Marionette
- 08:01 News
- 08:26 Asia Updates; A Fukushima Photo Album B
- 08:43 Myanmar Childhood Games (Episode-2)
- 08:51 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-3)
- 09:18 The Southernmost City (Kawthaung)
- 09:29 Dances of Myanmar: Rvwang Traditional Dance
- 09:54 Malikha Lover (Kachin Song)
- 10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ခနူးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကန်စွန်းရွက်နှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း–၂)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာဇဗြိုဟ်ရေလှောင်တမံ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း–၂)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း–၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
စော်ဘွားကြီးစဝ်ရွှေသိုက်နှင့်ညောင်ရွှေဟော်နန်းသမိုင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း–၁)
- ၁၁:၃၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ ( အပိုင်း–၄၉)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ သုတပဒေသာစိုက်ပျိုးနည်းပညာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၉:၀၀ The Flood (Full Episode)
- ၂၀:၀၀ တိတ်ဆိတ်ခြင်း (ဇာတ်လမ်း)
- ၂၂:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၀၀ အားကစားသတင်း
- ၀၇:၄၀ အားကစားလောကထဲကသူတို့အကြောင်း (သန်းသန်းထွေး)(ဘောလုံး)
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Shan United FC Vs Rakhine United FC)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သား ပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်အတွက် ၎င်းတို့နှင့် အယူအဆအမြင်မတူသူများအား “သူလျှို၊ သတင်းပေး၊ ဒလန်” ဟု စွပ်စွဲ၍လည်းကောင်း၊ “ငါနှင့်မတူ ငါ့ရန်သူ” ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံ၍ လက်နက်ကိုင်အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်များ အသုံးပြုကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများအား တရားဥပဒေမဲ့ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ လုပ်ဆောင်နေခြင်းများရှိရာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင် ဦးစည်သူထွန်းနေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများကို ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား အားပေးထောက်ခံခြင်းမရှိကြောင်း အကြောင်းပြကာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ ဆိုင်ကယ် ငါးစီးဖြင့်လာရောက် ပစ်ခတ်ခဲ့သဖြင့် မောင်ဖိုးခွား အသက် ၁၄ နှစ်မှာ သေဆုံးခဲ့ပြီး မောင်ကျော်မိုး အသက် ခြောက်နှစ်အရွယ်




ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများအား ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက် ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် နေရာပြပုံ။



ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စာမေးပွဲဖြေဆိုမည့် ကာလများအတွင်း မီးလောင်၊ မီးလန့်မှု မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေနော်ဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများ ပူးပေါင်းကာ ကျောင်းပတ်ဝန်းကျင် အမှိုက်ခြောက်များ မရှိစေရေး၊ မီးသတ်ဆေးဘူးများ အသင့်ပြင်ဆင်ထားရှိစေရေး၊ ကျောင်းဝင်းအတွင်းရှိ အုတ်ရေကန်များ ရေဖြည့်တင်း ထားရှိစေရေး၊ စာသင်ဆောင်များတွင် သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ ကောင်းမွန်မှုရှိစေရေး၊ လျှပ်စစ်မီးနှင့် အခြားမီးသုံးစွဲမှုများ စနစ်တကျရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင် (ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၆**

ဘုတ်ပြင်းမြို့နယ် မီးသတ်ဦးစီးဌာနက ဘုတ်ပြင်းမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

**အသိပညာပေး ဟောပြော**

ဟောပြောပွဲတွင် ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဘုတ်ပြင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းစိုးတို့က မီးလောင်မှုအခြေခံ သဘောတရားများ၊ မီးငြိမ်းသတ်ခြင်း စနစ်များ၊ မီးအတန်းအစား ခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှု ဖြစ်စေသည့် အဓိက အကြောင်းရင်းများ၊ လျှပ်စစ်ဝိုင်ယာလျှော့မဖြစ်အောင် ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကို မပေါ့ဆကြရန် အသိပညာပေး ဟောပြောခဲ့ပြီး ဈေးသူဈေးသားများအား ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသ၍ လက်တွေ့ ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ဘုတ်ပြင်း)**





## ဆိပ်ဖြူမြို့ ပတ္တမြားဈေး၌ မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဆိပ်ဖြူမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆိပ်ဖြူမြို့ ပတ္တမြားဈေး၌ ယမန်နေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အဆိုပါမီးဘေးလုံခြုံရေး မီးငြိမ်းသတ်သရုပ်ပြဇာတ်တိုက်မှုကို ဆိပ်ဖြူမြို့မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းမောင်နှင့်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုကိုင်တွယ်ပုံအားရှင်းလင်းခြင်း၊ ဆီမီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသစေခြင်း၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပတ္တမြားဈေးတာဝန်ခံနှင့် ဈေးကော်မတီဝင်များက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မဟာရွှေစည်ကြီးစေတီတော်၌ ဆီမီးကိုးထောင် ထွန်းညှိပူဇော်



**ကန့်ဘလူ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၏ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆီမီးကိုးထောင်ထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

ထိုသို့ထွန်းညှိပူဇော်ရာတွင် ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် ဆရာမများ၊ ဘာသာရေးအသင်းအဖွဲ့များက စေတီတော်ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ၊ ဗုဒ္ဓရုပ်ပွားတော်များတွင် ထွန်းညှိပူဇော်ခဲ့ကြခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ရွှေစာရံဘုရားနှင့် ရွှေစာရံကျေးရွာတို့၌ မီးဘေးလုံခြုံရေးဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ သမိုင်းဝင်ရွှေစာရံဘုရား သာသနိကအဆောက်အအုံများနှင့် ရွှေစာရံကျေးရွာရှိပြည်သူများ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များသည် မကြာမီကျင်းပမည့် သမိုင်းဝင်သစ္စာအဓိဋ္ဌာန် ရွှေစာရံဘုရား (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်အတွင်း မီးလောင်မှု၊မီးလန့်မှု မရှိစေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ရွှေစာရံကျေးရွာ၌လည်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ ဒွါဒသမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ စူဠဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရေးဟောင်းသမိုင်းဝင် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ အရိယာဓမ္မာရုံကြီး၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ဒွါဒသမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ စူဠဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပသည်။

ဦးစွာ ရန်ကင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပဉ္စနိကာယ သာသနဇ္ဇဗိမာန် ကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ် အပေါင်းတို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက်နိုင်ငံတော်အစိုးရမှ ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့် အဂ္ဂမဟာဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပဉ္စနိကာယ သာသနဇ္ဇဗိမာန် ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တပညာဝံသ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီရိမင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝဏ္ဏိတာတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသက်တင်အောင်နှင့် ဇနီးတို့က ဘွဲ့တံဆိပ်တော်တို့ကို ထပ်ဆင့် ဆက်ကပ်လှူဒါန်းခဲ့ပြီး သံဃာတော် အရှင်သူမြတ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီး လှသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများအားလှူဒါန်းခြင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အစိုးရဓမ္မာစရိယစာအောင် သံဃာတော် ၃၄ ပါးတို့အား ဘွဲ့လက်မှတ်နှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ နိကာယ်ကျမ်းအောင် သံဃာတော်နှစ်ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ တရားတော်နာယူခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ကြံသီးနှံအထွက်ကောင်း လမိုင်းပြုပြင်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ပျဉ်းမနား)တွင် ကြံသီးနှံအထွက်ကောင်း လမိုင်းပြုပြင်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဒုတိယဦးစီးမှူးဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကြံသီးနှံအထွက်ကောင်း လမိုင်းပြုပြင်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လမိုင်းထားရှိခြင်း၏အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကြံသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတာဝန်ခံ ဒေါက်တာအိအိခိုင်က အထွက်ကောင်းလမိုင်းပြင်ခြင်းကို လုပ်သားဖြင့်ပြင်ဆင်ခြင်းနှင့် စက်ကိရိယာဖြင့်ပြင်ဆင်သည့်အဆင့်လိုက် ဆွေးနွေး၍ ကွင်းသရုပ်ပြပွဲအား လက်တွေ့ပြသသည်။ ယင်းနောက် တက်ရောက်လာသည့် ကြံတောင်သူများက ကြံလမိုင်းခင်းများအတွက် သွင်းရေရရှိရေးကိစ္စများအား ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဒုတိယဦးစီးမှူးနှင့် ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းတို့က ညှိနှိုင်းပေါင်းစပ်ပေးသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ကြံစိုက်တောင်သူနှင့် စိုက်ပျိုးရေးဝန်ထမ်းစုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# သမုန်းဖူး၊ သမုန်းပွင့်များ ဈေးနှုန်းကောင်းဖြင့် ရောင်းချနေရ

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မဏိစည်သူဈေးနှင့် ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့ ပေါ်ဦးပေါ်စ သမုန်းဖူး၊ သမုန်းပွင့်များ ဈေးနှုန်းကောင်းစွာ ရောင်းချခြင်းဖြင့် သမုန်းဖူး ခူးဆွတ်ရောင်းချသူများ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သမုန်းဖူးတစ်ဆင့်ပြန်လည်ရောင်းချသည့် ကျောက်ပန်းတောင်းမြို့နယ် ဝွေးကုန်းကျေးရွာ ဦးမင်းလတ်ထံမှ သိရသည်။

**စတင်ခူးဆွတ်ရောင်းချ**

ညောင်ဦးမြို့နယ်တွင် တုရင်တောင်တန်းဘေးရှိ ကျေးရွာများ၊ ငါ့သရောက်မြို့ရှိ ကျေးရွာများ၊ ကျောက်ပန်းတောင်းမြို့နယ် ရွာသစ်ကျေးရွာ၊ ဝွေးကုန်းကျေးရွာ၊ လက်ပံအိုင့်ကျေးရွာနှင့် လဲဝွကျေးရွာတို့မှ ကျေးလက်တောင်သူများသည် သမုန်းပင်များဖူးပွင့်ချိန် ဇန်နဝါရီလကုန်နှင့် ဖေဖော်ဝါရီလတို့တွင် စတင်ခူးဆွတ်ရောင်းချကြပြီး သမုန်းဖူး၊ သမုန်းပွင့်ခူးရာတွင် အင်မတန်လက်ဝင်ကာ တစ်နေကုန်ခူးလျှင် ငါးပိဿာခန့်သာရရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပျော်ပျော်ရွှင်ရွှင် ပြုံးပန်းဆင်ယင်

မြသဲ (သုတေသန)

ပျော်ပျော်ရွှင်ရွှင်နေတတ်သူသည် နုပျိုစိုပြည်၍ ကျန်းမာရေးလည်းကောင်းသဖြင့် မျက်နှာ၌ ပြုံးပန်းဆင်ယင်နေတတ်သည်။ ပျော်ပျော်ရွှင်ရွှင်ဆိုသည်မှာ ငါးပါးသီလမှသွေဖည်သော မကောင်းမှုအကုသိုလ်လုပ်ကာ မိုက်မဲစွာပျော်ရွှင်ခြင်းမျိုးမဟုတ်ဘဲ ကောင်းမှုကုသိုလ်များဖြင့် ပျော်ရွှင်ခြင်းမျိုးဖြစ်သည်။ ကိုယ်ချင်းစာတရားထားရှိကာ တစ်ဖက်သား၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းဖြင့် ပြေလည်မှုရရှိလာသော ပျော်ရွှင်မှုမျိုးဖြစ်သည်။ တတ်နိုင်သမျှ ကောင်းမှုသီလပန်းကို ဆင်မြန်းသော ပျော်ရွှင်မှုမျိုးဖြစ်သည်။ ထိုပျော်ရွှင်မှုမျိုးသည် နှလုံးသားကိုအလှဆင်နိုင်မည်ဖြစ်သည်။

**❛ရယ်စရာ ဟာသရုပ်ရှင်များကြည့်ခြင်း၊ စာဖတ်ခြင်း၊ ကဗျာ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများ ရေးသားခြင်းဖြင့်လည်း ပျော်ရွှင်မှုကိုရယူနိုင်သည်။ သင်၏စာမူသည် ဂျာနယ်များ၊ သတင်းစာများ၊ မဂ္ဂဇင်းများတွင် ဖော်ပြခြင်းခံရပါက သင်ပျော်ရွှင်မှုကိုရရှိနိုင်သည်။ ဆရာတော်များ၏ တရားတော်များကိုနာယူပြီး လိုက်နာကျင့်သုံးခြင်း၊ တရားထိုင်ခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ ဘာသာတရားကိုင်းရှိုင်းပြီး ဘာသာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်း ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီးနိုင်❜**

### ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရမည်

ပျော်ရွှင်မှု၊ ဝမ်းနည်းမှုများဖြင့် ရောယှက်နေသော လူ့ဘဝတွင် လောကဓံလှိုင်းရိုက်ခတ်လာသောအခါ အပြုံးမပျက်ပျော်ရွှင်မှုနှင့် အန်တုနိုင်ရမည်ဖြစ်သည်။ နှလုံးသားကို ပြုံးပန်းဆင်ကာ ဘဝလှိုင်းရိုက်ပုတ်ခြင်းကိုကျော်လွှား၍ မိမိရည်ရွယ်ချက်ရှိသော ပန်းတိုင်သို့အရောက်လှမ်းနိုင်ရမည်ဖြစ်သည်။ မိမိပျော်ရွှင်မှသာ မိမိပတ်ဝန်းကျင်က ပျော်ရွှင်နိုင်မည်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံမှ ပန်းချီဆရာ Normar Rockwell အကြောင်း ဖော်ပြလိုသည်။ Normar Rockwell သည် ၂၀ ရာစုက အမေရိကန်၌ သူဖန်တီးထားသော ပန်းချီကားများ၏ ရောင်ပြန်သက်ရောက်မှု၊ အကျိုးသက်ရောက်မှုများကို တွေ့ရှိခဲ့သည်။ ယင်းပန်းချီကားများမှာ “Four Freedoms Series from World War II” နှင့် “The problem we all live with from the civil right movement” တို့ဖြစ်ကြသည်။ ထိုပန်းချီကားများသည် လူတို့၏ မျှော်လင့်ချက်၊ ဖွဲ့ရှိမှု၊ ရဲစွမ်းသတ္တိရှိမှု၊ တရားမျှတမှုများကို နှိုးဆွပေးသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ညီညွတ်စွာနေထိုင်ရန် ဖော်ညွှန်းထားသည်။ ဘဝကို ပူပင်သောက ကင်းဝေးစွာဖြတ်သန်းရန်လည်း ပန်းချီကားများမှတစ်ဆင့် ဖော်ပြထားသည်။ Normar Rockwell ၏ အလုပ်များသည် ပျော်ရွှင်မှု များ၊ အခက်အခဲများနှင့် ရင်ဆိုင်ရသောအခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရန် ဖွဲ့သတ္တိရှိရန် ဖော်ညွှန်းထားသည်။

သို့သော်လည်း Rockwell ကိုယ်တိုင် ပျော်ရွှင်မှုရရန် ရုန်းကန်နေရသည်။ ၁၉၅၃ ခုနှစ်တွင် Rockwell သည် ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့ခဲ့ရသည်။ ယင်းသို့ ပြောင်းရွှေ့ရခြင်းမှာ ပျော်ရွှင်ငြိမ်းချမ်းစွာ သဘာဝအလှတရားများကို ခံစားရန်မဟုတ်ပေ။ Rockwell နှင့် သူ၏ ဇနီးတို့သည် စိတ်ရောဂါကုသရန် စိတ်ရောဂါကုဆေးရုံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ သူတို့သည် စိတ်ဓာတ်ကျခြင်းရောဂါကို ကုသရန်ဖြစ်သည်။ ထင်ရှားကျော်ကြားသော စိတ်ရောဂါကုဆရာဝန်နှင့် ကုသခြင်းဖြစ်၍ Rockwell တို့ ဇနီးမောင်နှံမှာ ငွေများစွာကုန်ကျသွားသည်။

ပန်းချီဆွဲရာမှရရှိခဲ့သော ပျော်ရွှင်မှုများသည် အခက်အခဲဟူသမျှ ဖြေရှင်းပေးနိုင်သည်ဟု Rockwell ယူဆခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းယူဆမှုများသည် ဆန်းကြယ်သည့်အရာတော့မဟုတ်ပေ။ သင်သည် စိတ်မချမ်းသာလျှင် အခြားသူတစ်ဦးကိုလည်း ပျော်ရွှင်မှုပေးနိုင်မည် မဟုတ်ပေ။ သို့သော် သင်ကိုယ်တိုင် ပျော်ရွှင်မှုရရန် ကြိုးစားမှသာလျှင် ပျော်ရွှင်မှုကို အမှန်တကယ်ရရှိမည်ဖြစ်သည်ဟု သုတေသီများက ဖော်ပြထားသည်။

ထို့ကြောင့် သင်သည် ပျော်ရွှင်မှုရနိုင်သည့်နည်းလမ်းများကို ရှာဖွေရမည်ဖြစ်သည်။ ပျော်စရာကိစ္စများကိုသာ အထပ်ထပ်အခါခါ စဉ်းစားပါ။ စိတ်ဆင်းရဲစရာကိစ္စများကို မစဉ်းစားပါနှင့်။ အဓိကအားဖြင့် သင်စိတ်မချမ်းမသာဖြစ်နေသော်လည်း စိတ်ချမ်းသာသည့် လူတစ်ယောက်ကဲ့သို့ ပြုမူနေထိုင်ပါ။

၂၀၂၀ ပြည့်နှစ်တွင် ကယ်လီဖိုးနီးယားရှိသုတေသီများက လူနာများကို မြစ်ကမ်းဘေးသို့ခေါ်သွားပြီး တစ်ပတ်ကြာစမ်းသပ်ခဲ့သည်။ စမ်းသပ်ချက်အရ လူအများနှင့် ရောနှောနေတတ်သူသည် ပျော်ရွှင်မှုများရရှိပြီး တစ်ကိုယ်တည်းနေတတ်သူများသည် ပျော်ရွှင်မှုနည်းပါးသည်ကိုတွေ့ရသည်။ ထို့ကြောင့် ပျော်ရွှင်စွာနေရန် လူအများနှင့် ရောနှောနေထိုင်ပါ။ အလားတူပင် ငွေကြေးကိုအသုံးပြုပြီး အခြားသူများ၏ကိစ္စများတွင် ပါဝင်ကူညီပေးခြင်းဖြင့် ပျော်ရွှင်မှုကိုရယူပါ။ သီချင်းဆိုခြင်းဖြင့်လည်း ပျော်ရွှင်မှုကိုရယူနိုင်သည်။

Rockwell ၏ ဖော်မြူလာကိုသုံးပြီး သင်သည် စိတ်ပျော်ရွှင်မှုကို ရှာဖွေနိုင်သည်။ ပထမဦးစွာ သင်၏ပတ်ဝန်းကျင်တွင်ရှိသော ပျော်ရွှင်စွာနေတတ်သူများ၏ လုပ်ရပ်ကိုလေ့လာပါ။ သူတို့၏ ပျော်ရွှင်မှုသည် အခြားသူများကို ကူးစက်စေသည်။ ပျော်ရွှင်စွာနေသောသူများသည် နံနက်ခင်းအစ၌ အဘယ်ကဲ့သို့ နှုတ်ဆက်မှုရှိသည်ကိုလေ့လာပါ။ သင်သည် ပျော်ရွှင်စွာနေသောသူများကို မေးမြန်းခြင်းအားဖြင့် သူတို့သည် သူတို့အတွက်သာမက ပတ်ဝန်းကျင်ကိုပါ မည်ကဲ့သို့ ပျော်ရွှင်စေရန် လုပ်ဆောင်ပေးနိုင်သည်ကို သိရပေမည်။

ထို့နောက် သင်စိတ်ကူးတွေးတောသမျှကို အစီအစဉ်ဆွဲပါ။ အကြံဉာဏ်သုံးခုကို စာရွက်ပေါ်၌ ရေးချပြီး နှုတ်ဆက်ရန် ပြန်စဉ်းစားပါ။ စဉ်းစားပြီးမှ ဖုန်းခေါ်ပါ။ ပျော်ရွှင်စွာနေတတ်သူများ၏ အသံကိုဖမ်းယူပြီး မကြာခဏဖွင့်ကာနားထောင်ပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သင့်ပတ်ဝန်းကျင်ရှိ ပျော်ရွှင်စွာနေတတ်သူများ၏ နေထိုင်မှုနည်းလမ်းများကိုသိပြီး ပျော်ရွှင်မှုကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ပြင် သင်၏ ပျော်ရွှင်မှုများကို အခြားသူများထံ လက်ဆောင်မွန်အနေဖြင့် ပေးကမ်းမျှဝေနိုင်မည်ဖြစ်သည်။

### ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီးနိုင်

ရယ်စရာ ဟာသရုပ်ရှင်များကြည့်ခြင်း၊ စာဖတ်ခြင်း၊ ကဗျာ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများရေးသားခြင်းဖြင့်လည်း ပျော်ရွှင်မှုကို ရယူနိုင်သည်။ သင်၏စာမူသည် ဂျာနယ်များ၊ သတင်းစာများ၊ မဂ္ဂဇင်းများတွင် ဖော်ပြခြင်းခံရပါက သင်ပျော်ရွှင်မှုကိုရရှိနိုင်သည်။ ယင်းပျော်ရွှင်မှုသည် အခြားသောပျော်ရွှင်မှုနှင့်မတူပေ။ ရင်ခုန်ကြည်နူးပြီး ပျော်ရွှင်မှုရသကို ရရှိနိုင်မည်ဖြစ်သည်။ ဆရာတော်များ၏ တရားတော်များကို နာယူပြီး လိုက်နာကျင့်သုံးခြင်း၊ တရားထိုင်ခြင်း၊ ကိုယ်ချင်းစာတရား ထားရှိခြင်း၊ ဘာသာတရားကိုင်းရှိုင်းပြီး ဘာသာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်း ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီးနိုင်သည်။ ယင်းပျော်ရွှင်ငြိမ်းချမ်းမှုသည် ယခုဘဝတွင်သာမက နောင်ဘဝများစွာ အတွက်ပါ ကောင်းကျိုးအပေးဆုံး ပျော်ရွှင်ငြိမ်းချမ်းမှုပင်ဖြစ်သည်။ ။

**Ref. By Arthur C Brooks A.D. April,2022.**

## ညောင်လေးပင်မြို့၌ ဆောင်းသီးနှံ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပဲတီစိမ်းစိုက်ခင်းစံကွက် ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ဂျို့ပင်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများ တက်ရောက်ကြပြီး ဂျို့ပင်ကျေးရွာရှိတောင်သူ ဦးဇော်ခင်၏ လယ်မြေတွင် စိုက်ပျိုးထားရှိသော ပဲတီစိမ်းသြဇီ ၁၁ ဧက စိုက်ကွက်ကို ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကအထွက်နှုန်း ၂၈ ဒသမ ၇၅ တင်း ထွက်ရှိသည်။

ညောင်လေးပင်ခရိုင်အတွင်း ပဲတီစိမ်း ၃၃၃၅၃၁ ဧက၊ မတ်ပဲ ၁၁၉၅၆၆ ဧကနှင့် အခြားပဲ ၇၄၈၉၂ ဧကတို့ စိုက်ပျိုးထားကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ဆောင်းရာသီပဲမျိုးစုံ စိုက်ဧကပေါင်း ၅၂၇၉၈၉ ဧကရှိကြောင်း သိရသည်။ ၂၁၄



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်တွင် စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့် ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်း ၅၉ ခန်းနှင့် စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် MSME အရောင်းဆိုင်ခန်း ၁၆၀ ကျော်ဖြင့် ဖွင့်လှစ်ရောင်းချရာ ဝယ်ယူစားသောက်ကြသူများဖြင့်စည်ကားလျက်ရှိပြီး တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ ပွဲတော်လာပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။




(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့လာရောက်လည်ပတ်ကြသူများအတွက် စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့် အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်တွင်းစားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြပါစို့

သူဇာဝင်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၂၄ သန်း စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ဆီထွက်သီးနှံများကို ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းတို့ရှိရာ ဈေးကွက်ရရှိမှုအရ မြေပဲနှင့် နှမ်းအမျိုးမျိုးတို့ကို ပြည်ပသို့တင်ပို့ပြီး စားအုန်းဆီ၊ နေကြာဆီ စသည့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းလျက်ရှိသည်။



မြန်မာနိုင်ငံ၏ စားသုံးဆီတင်သွင်းမှုပမာဏ ၉၀ ရာခိုင်နှုန်းကျော်သည် စားအုန်းဆီဖြစ်ပြီး ဈေးနှုန်းအရ ပြည်တွင်းဈေးကွက်တွင် နေကြာဆီသည် စားအုန်းဆီထက် နှစ်ဆခန့်နှင့် မြေပဲဆီနှင့် နှမ်းဆီတို့မှာ လေးဆခန့် ဈေးနှုန်းပိုမိုမြင့်မားနေကြောင်း သိရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး နိုင်ငံတော်က လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## မြေပဲ

မြေပဲသီးနှံသည် အရေးပါသည့် ဆီထွက်သီးနှံတစ်ခုဖြစ်ပါသည်။ မြေပဲသီးနှံတွင် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးရှိသည်။ ပင်ထောင်မြေပဲအမျိုးအစားမှာ စပိန်ကလေးမြေပဲနှင့် ဂျပန်ကလေးမြေပဲတို့ဖြစ်သည်။ ဂျပန်ကလေးမျိုးမှာ အနီရောင်အဆန်ရှိပြီး စပိန်မျိုး၏အဆန်မှာ ပန်းရောင်အဖျော့ရှိသည်။ ပင်ထောင်မြေပဲ၏ ပင်စည်နှင့် အကိုင်းများသည် ထောင်မတ်ပေါက်ရောက်ကြပြီး အသီးသီးရာတွင် အပင်ခြေတွင် စုပုံရောနှော၍သီးပြီး အသီးမှာ သေးငယ်ပါသည်။

ပင်ထောင်မျိုးမှာ သက်တမ်းသုံးလကြာပြီး အတောင့်အခွံပါး၍ အတောင့်တွင် အစေ့ပြည့်ဝပါသည်။ ပင်ပြန့်အမျိုးအစားမှာ စပိန်ကြီးမြေပဲနှင့် ဗာဂျီးနီးယားမြေပဲတို့ဖြစ်သည်။ ပင်ပြန့်မြေပဲ၏ ပင်စည်သည် ထောင်မတ်ပြီး အကိုင်းများမှာ မြေပြင်ပေါ်၌ တွား၍သွားကြသည်။ အသီးသီးလျှင် အကိုင်းတစ်လျှောက် မြေကြီးနှင့် ထိသောနေရာများတွင် သီးပြီး အတောင့်အခွံထူ၍ မာကျောပါသည်။ ပင်ပြန့်မျိုးသည် မြေပဲတောင့် တစ်တောင့်လျှင် တစ်လက်မခန့်ရှိပြီး သက်တမ်းမှာ ငါးလ၊ ခြောက်လခန့်အထိကြာမြင့်သည်။ ပင်ထောင်မြေပဲသည် စိုက်ပျိုးပြီး ရက် ၁၁၀-၁၃၀ တွင် ရင့်မှည့်ပါသည်။

သက်တမ်းတို အရည်အသွေးကောင်း မြေပဲမျိုးများသည် သက်တမ်းအလိုက် ရင့်မှည့်ရက်အမျိုးမျိုးရှိပါသည်။ မြေပဲအခွံအတွင်း အဆန်အပြည့်အဝဖွံ့ဖြိုးပြီးချိန်တွင် မြေပဲတောင့်ရင့်မှည့်ပါသည်။ မြေပဲခွံ၏ အတွင်းနံရံသည် မီးခိုးရင့်ရောင်မှ အညိုသို့ ပြောင်းလာချိန်တွင် ရိတ်သိမ်းရန်သင့်တော်သည့် အချိန်ဖြစ်ပါသည်။ ရိတ်သိမ်းချိန် စောလွန်းခြင်း၊ နောက်ကျလွန်းခြင်းသည် မြေပဲဆန်အရည်အသွေး ကျဆင်းစေသည်သာမက ပျက်စီးမှုများပြီး အထွက်နှုန်းထိခိုက်စေပါသည်။ မြေပဲကို တစ်ပင်လုံး၏အရွက် ၇၅ ရာခိုင်နှုန်း ခြောက်သွေ့ပြီး အရွက်ကျချိန်၊ မြေပဲတောင့်အတွင်း အညိုရောင်ငါးကြင်းကွက်များဖြစ်ပေါ်ချိန်တွင် ရိတ်သိမ်းခြင်းသည် အရည်အသွေးနှင့် ဆီပါဝင်မှုအမြင့်မားဆုံးကို ပေးစွမ်းနိုင်ပါသည်။

မြေပဲသီးနှံတစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အောက်ဖော်ပြပါ စိုက်ပျိုးနည်းစနစ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

**စိုက်ပျိုးနည်းစနစ်**

- မျိုးစေ့နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် ခြောက်-ရှစ်တင်း လိုအပ်ပြီး ပင်ထောင်မြေပဲကို တန်းကြား၊ ပင်ကြား ၁၅" x ၄" နှင့် တစ်ဧကအပင်ရေ တစ်သိန်းခန့်၊ ပင်ပြန့်မြေပဲ တန်းကြား၊ ပင်ကြား ၁၈" x ၄" နှင့် အပင်ရေ တစ်ဧက ၈၅၀၀၀ ခန့်ရှိရမည်။
- တစ်ဧကလျှင် နွားချေး/မြေဆွေးလှည်း ငါး-၁၀ စီးနှုန်း၊ ယူရီးယား ၂၈၅၆ ပေါင်၊ တီစူပါ ၈၄ -၁၁၂ ပေါင်နှင့် ပိုတက်ရှ် ၂၈ ပေါင်နှုန်းကို စိုက်ထယ်ရေးပြင်ချိန် ထည့်ပေးပါ။ လချေးမှုန့်မြေဩဇာ ၂၀၀-၂၅၀ ပေါင်နှုန်းကို မြေခံ(သို့) နောက်ဆုံးကြားလိုက်ချိန်(မြေတွင်းအစိုဓာတ်ရှိချိန်)၌ အပင်ခြေတွင် ထည့်ပေးပါ။ ပဲမြစ်ဖုဇီဝမြေဩဇာကို တစ်ဧကလျှင် တစ်ထုပ်နှုန်းဖြင့် မျိုးစေ့နှင့် လူးနယ်စိုက်ပျိုးသင့်သည်။
- အပင်ငယ်စဉ် စုပ်စားပိုး၊ ရွက်လိပ်ရွက်ကပ်ပိုးများကျပါက ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုး ပက်ဖျန်းနှိမ်နင်းပါ။ ဖိုးလမင်းကျိုင်းနှင့် ခြများကျရောက်ပါက ပင်လုံးပြန့် ပိုးသတ်ဆေးခဲကို စိုက်ချိန်တွင် စိုက်ကြောင်းအတွင်း ထည့်ပေးပါ။
- မြစ်ပုပ်၊ ခါးရိ၊ အစေ့ပုပ်ရောဂါများမှ ကာကွယ်ရန် မျိုးစေ့ကို မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။ ရွက်ပြောက်ရောဂါ ကျရောက်သော ဒေသများတွင် သင့်တော်သည့်မှိုသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းပါ။
- ရေမြေဒေသနှင့်ကိုက်ညီသော မျိုး၊ အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသော မျိုးစေ့ကို တစ်ဧကလျှင် မျိုးစေ့ ၁ ဒသမ ၅-၂ တင်းနှုန်း အသုံးပြုစိုက်ပျိုးပါ။
- မျိုးစေ့ဆောင်ရောဂါများကင်းစင်ပြီး ရာသီဥတုဒဏ်၊ ပိုးမွှား/ရောဂါဒဏ်ခံနိုင်သော မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ မိုးခေါင်ဒေသများအတွက် (ဥပမာ ဆင်းပဒေသာ-၆၊ ဆင်းပဒေသာ-၁၂၊ မကွေး-၁၁) မြေပဲမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။
- စိုက်ပြီး ၃၀-၃၅ ရက်အတွင်း ပေါင်းမြက်များ အပြီးရှင်းပါ။ အထက်စွယ်များကို အတောင့်ဖြစ်စေရန် ပန်းဖြိုင်ချိန်မှစ၍ နောက်ပိုင်းတွင် စိုက်ပေါင်တင်ခြင်းမပြုလုပ်ရပါ။ စွယ်ချချိန်နှင့် အဆန်ဖြည့်တင်းချိန်များဖြစ်သော အပင်သက်တမ်း ၄၅-၇၅ ရက်သားအတွင်း အစိုဓာတ်လိုအပ်ပါက ရေသွင်းပေးပါ။
- မြေပဲတောင့် ၇၀ ရာခိုင်နှုန်း ရင့်မှည့်ချိန်တွင် ရိတ်သိမ်းသင့်သည်။
- မျိုးအဖြစ်အသုံးပြုမည့် စိုက်ခင်းကို ရေသွင်း၍ နုတ်သိမ်းခြင်းမပြုလုပ်ရ။
- မြေပဲတောင့်များ အခြောက်ခံရာတွင် မြေကြီးနှင့် တိုက်ရိုက်မထိစေရန် မိုးကာ၊ ဖျာ၊ ကွန်ကရစ်တလင်းများပေါ်တွင် လှန်းသင့်သည်။
- မြေပဲပင်များကိုနုတ်ပြီး ချက်ချင်းဆွတ်ကာ ပါးပါးဖြန့်ပြီး နေပြင်းပြင်းတွင် သုံး၊ လေးရက် အခြောက်ခံရန်နှင့် အစိုဓာတ် ၆-၇ ရာခိုင်နှုန်းထိရှိရန် လိုအပ်သည်။ လုံးပိန်၊ လုံးညှက်၊ ဖုန်၊ သဲ၊ ခဲများကို လူ/စက် ကိရိယာများ အသုံးပြု ၍ ဖယ်ရှားသန့်စင်သင့်သည်။

## နှမ်း

နှမ်းသီးနှံသည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အရေးပါသည့် သီးနှံတစ်ခုဖြစ်ပါသည်။ နှမ်းသီးနှံသည် ပျမ်းမျှအားဖြင့် စိုက်ပျိုးပြီး ရက် ၇၀-၁၀၀ အတွင်း ရိတ်သိမ်းရပါသည်။ နှမ်းမျိုးများအလိုက် ယေဘုယျအားဖြင့် စိုက်ပျိုးပြီး ၆၅-၇၅ ရက်အတွင်း ရင့်မှည့်ပါသည်။ နှမ်းပင်စည်နှင့် အရွက်သည် အစိမ်းရောင်မှ အနီရောင်သန်းသည့် အဝါရောင်သို့ ပြောင်းသွားပါသည်။ နှမ်းကို စောရိတ်သိမ်းပါက အစိုဓာတ်များပြီး ဆီပါဝင်မှု လျော့ကျစေပါသည်။

နောက်ကျရိတ်သိမ်းပါက နှမ်းသီးများ အက်ကွဲ၍ အစေ့များ လွင့်စဉ်သွားသည့်အတွက် လေလွင့်ဆုံးရှုံးမှုများပြီး အရည်အသွေးပါ ကျဆင်းစေပါသည်။ နှမ်းပင်၏ အရွက်အားလုံး ၇၅ ရာခိုင်နှုန်း အဝါရောင်သန်းလာချိန်၊ နှမ်းသီးများ အညိုရောင်သို့ပြောင်းလာချိန်တွင် ရိတ်သိမ်းခြင်းသည် အရည်အသွေးကောင်းမွန်မှု၊ ဆီပါဝင်မှုပမာဏနှင့် ဆီ၏အရည်အသွေးကိုပါ ပေးစွမ်းနိုင်ပါသည်။

နှမ်းသီးနှံ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အောက်ဖော်ပြပါ စိုက်ပျိုးနည်းစနစ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

**စိုက်ပျိုးနည်းစနစ်**

- နှမ်းသီးနှံကို တစ်ပင်တိုင်မျိုးနှင့် ကိုင်းဖြာမျိုးများအတွက် တန်းကြား၊ ပင်ကြား (၁၂"-၁၅") (၄") ထားပါက ပေါင်းနှိမ်နင်းရန်အတွက် လွယ်ကူသည်။ တစ်ဧကမျိုးစေ့ နှစ်ပြည်နှုန်းနှင့် အသင့်တော်ဆုံး အပင်ရေမှာ တစ်သိန်းခန့်ရှိရန် လိုအပ်သည်။
- သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများကို တစ်ဧကလျှင် သုံး-ငါးတန်အထိ မြေပြင်ချိန်တွင် နှစ်စဉ်ထည့်ပေးသင့်သည်။
- အထွက်နှုန်းကောင်းရန်အတွက် မြေဆီလွှာကောင်း၊ သင့်၊ ညံ့အပေါ်မူတည်၍ စိုက်ပျိုးရာသီတစ်လျှောက် သင့်တင့်သော ဓာတ်မြေဩဇာများကို အချိုးညီ အချိန်ကိုက်ကျွေးသင့်ပါသည်။ မြေဩဇာ အသင့်အတင့်ကြွယ်ဝသောမြေအတွက် ၂၆:၁၃:၇ (နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်စ်၊ ပိုတက်) ကီလိုဂရမ်/ဧကနှုန်းထားအား သတ်မှတ်ထားသည်။
- နှမ်းသီးနှံတွင် နှမ်းဖိုရောဂါ၊ နှမ်းပင်ညှိုးရောဂါ၊ အမြစ်နှင့် ပင်စည်ပုပ်ရောဂါများ ကျရောက်တတ်သည်။ ဖျက်ပိုးအနေဖြင့် ရွက်လိပ်ပိုး၊ ဖြုတ်ညို၊ နှမ်းဖလံနှင့် နှမ်းစေ့စုပ်ကြမ်းပိုးများ ကျရောက်တတ်သည်။
- နှမ်းဖိုရောဂါသည် ဖြုတ်ပိုး (ဖြုတ်ညို) မှ တစ်ဆင့်ကူးစက်သည်။ ဖြုတ်ပိုးကျရောက်မှုကို အချိန်မီသိရှိရန် လိုအပ်သည်။ ဖြုတ်ပိုးစုပ်စားမှုကြောင့် အပင်ထိခိုက်ပျက်စီးမှုမရှိသော်လည်း နှမ်းဖိုရောဂါဖြစ်စေသော သက်ရှိကို သယ်ဆောင်သောကြောင့် နှမ်းဖိုရောဂါ ကူးစက်ပြန့်ပွားစေသည်။ ပင်ပိုင်းကြီးထွားချိန်တစ်လျှောက် ကျရောက်နိုင်သည်။
- သင့်တော်သော ပိုးသတ်ဆေးဖျန်းရန် လိုအပ်သည်။ ပေါင်းမြက်များကို ရှင်းလင်းပါ။ သီးလှည့်စိုက်ပျိုးပါ။ မျိုးစေ့ကို ဆေးစီရင်ခြင်းပြုလုပ်ပါ။ ပင်လုံးပြန့်ပိုးသတ်ဆေး တစ်မျိုးမျိုးပက်ဖျန်းပါ၊ အခြားစိုက်ခင်းများထက် စောစောစိုက်ပျိုးခြင်းကို ရှောင်ပါ။ နှမ်းပင်ငယ်စဉ် ပင်လုံးပြန့်ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် ဖြုတ်ပိုးကို ကာကွယ်ပါ။ ရောဂါကျအပင်များကို နုတ်ယူဖျက်ဆီးပါ။

စာမျက်နှာ ၁၉ သို့ ■

❋ ရိတ်သိမ်းချိန် စောလွန်းခြင်း၊ နောက်ကျလွန်းခြင်းသည် မြေပဲဆန်အရည်အသွေး ကျဆင်းစေသည်သာမက ပျက်စီးမှုများပြီး အထွက်နှုန်းထိခိုက်စေပါသည်။ မြေပဲကို တစ်ပင်လုံး၏အရွက် ၇၅ ရာခိုင်နှုန်း ခြောက်သွေ့ပြီး အရွက်ကျချိန်၊ မြေပဲတောင့်အတွင်း အညိုရောင်ငါးကြင်းကွက်များ ဖြစ်ပေါ်ချိန်တွင် ရိတ်သိမ်းခြင်းသည် အရည်အသွေးနှင့် ဆီပါဝင်မှုအမြင့်မားဆုံးကို ပေးစွမ်းနိုင်

❋ နောက်ကျရိတ်သိမ်းပါက နှမ်းသီးများအက်ကွဲ၍ အစေ့များလွင့်စဉ်သွားသည့်အတွက် လေလွင့်ဆုံးရှုံးမှုများပြီး အရည်အသွေးပါ ကျဆင်းစေပါသည်။ နှမ်းပင်၏ အရွက်အားလုံး ၇၅ ရာခိုင်နှုန်း အဝါရောင်သန်းလာချိန်၊ နှမ်းသီးများ အညိုရောင်သို့ ပြောင်းလာချိန်တွင် ရိတ်သိမ်းခြင်းသည် အရည်အသွေး ကောင်းမွန်မှု၊ ဆီပါဝင်မှုပမာဏနှင့် ဆီ၏အရည်အသွေးကိုပါပေးစွမ်းနိုင်

# ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**လွိုင်ကော် ဖေဖော်ဝါရီ ၁၆**

ကယားပြည်နယ် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ပင်မသုံးထပ်ကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် တရားသူကြီးချုပ်၊ တာဝန်ရှိသူများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဘွဲ့နှင်းသဘင် အခမ်းအနားဖွင့်လှစ်စဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက နိုင်ငံတော်အလံကို အလေးပြုကြသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းရန်အတွက် ဤဘွဲ့နှင်းသဘင်ကို ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ရမောင်မယ်များ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိဝန်ခံမှုပြုစေသည်။

ယင်းနောက် ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာဘွဲ့ရရှိသူ ကိုးဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ လေးဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ ရရှိသူ သုံးဦး၊ အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားကြသော ဘွဲ့လွန်ကွန်ပျူတာသိပ္ပံ ဒီပလိုမာဘွဲ့ရရှိသူ ငါးဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၁၇ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၁၂ ဦး စုစုပေါင်း ၅၀ တို့အား ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘွဲ့ရမောင်မယ်များ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

## မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာတွင်းလမ်း လွှဲပြောင်းအပ်နှံခြင်းအခမ်းအနား ကျင်းပ



**မင်းကင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာ အောင်ချမ်းသာလမ်းကို မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မတည်ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် ဂျင်းလမ်းဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျေးတောင်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစီမံကိန်းနှင့် လမ်းရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွန်းက ရှင်းလင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်လမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ထို့နောက် ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် ဂျင်းလမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများက လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

---

■ စာမျက်နှာ ၁၈ မှ

- နှမ်းစိုက်ပျိုးရန် ဈေးကွက်ရှိ၍ ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်း/မျိုးသန့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုး၍ ရိတ်သိမ်းမှုလွယ်ကူရန် ထောက်ခံထားသော မျိုးများကိုသုံးရန် (ဥပမာ - ဆင်းရတနာ-၂၊ ဆင်းရတနာ-၃၊ ဆင်းရတနာ-၄၊ ဆင်းရတနာ-၅၊ မကွေး-၇၊ မကွေး-၉၊ စမုန်နက်)။
- စိုက်ပြီး ၃၀-၃၅ ရက်အတွင်း ပေါင်းမြက်များ အပြီးရှင်းပါ။
- နွေနှမ်းတွင် ရေပေးသွင်းပါက အထွက်နှုန်းသိသာစွာ ထွက်ရှိကြောင်းတွေ့ရပြီး အပင်ကြီးထွားချိန်တွင် နှစ်ကြိမ်၊ သုံးကြိမ် ရေပေးသွင်းရန် လိုအပ်ပါသည်။
- နှမ်းသီးတောင့်များ ကွေကျမှုမှ ကာကွယ်ရန် နှမ်းပင်များမခြောက်မီ ရိတ်သိမ်းရမည်။
- နှမ်းရိတ်သိမ်းရန် သင့်တော်သောအချိန်မှာ နှမ်းပင်များကောင်းစွာ ရင့်မှည့်ပြီး ပန်းပွင့်မှုရပ်သွားချိန်၊ အရွက်များ အဝါရောင်ပြောင်းပြီး စတင်ကြွေလာချိန်နှင့် သီးတောင့်များ အစိမ်းရောင်ရှိပြီး အစိုဓာတ်ပမာဏ အသင့်အတင့်ရှိနေသောအချိန်ဖြစ်သည်။
- နှမ်းပင်များအား ရိတ်သိမ်းပြီး ချက်ချင်းစည်း၍ နေလှန်းရမည်။ သန့်ရှင်းသောဖျာ၊ စောင်ကြမ်းများပေါ်တွင် ရိုက်ခါ၍ အစေ့ခြွေခြင်း ပြုလုပ်နိုင်ပါသည်။
- သန့်စင်ပြီးနှမ်းစေ့များအား အစိုဓာတ်ကိုးရာခိုင်နှုန်းရှိအောင်လှန်းပြီး အလုံပိတ်ထားသော ပုံးများထဲတွင်ထည့်၍ သိုလှောင်ရမည်။

### နေကြာ

နေကြာသီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနေသော သီးနှံတစ်ခုဖြစ်ပါသည်။ နေကြာသီးနှံသည် စားသုံးဆီ၊ မုန့်ပဲသရေစာ၊ ဆေးဝါးနှင့်ဆေးဝါးအထောက်အကူပြုပစ္စည်းများအဖြစ် အသုံးပြုနိုင်ပြီး နိုင်ငံခြားတင်ပို့မှုတွင်လည်း အရေးကြီးကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ စိုက်ပျိုးပြီးပါက ပျက်စီးမှုနည်းပါးခြင်း၊ အထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်းကောင်းမွန်ခြင်း၊ သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့်သီးနှံဖြစ်သည်။

နေကြာသီးနှံသည် အပူချိန် ၂၀-၂၅ ဒီဂရီစင်တီဂရိတ်အတွင်း ကောင်းစွာဖြစ်ထွန်းသည်။ အနိမ့်ဆုံး ရှစ်ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံး ၃၄ ဒီဂရီစင်တီဂရိတ်အထိ အထွက်နှုန်းသိသာစွာ မထိခိုက်ဘဲ ပေါက်ရောက်နိုင်သည်။ အပူချိန်မြင့်လျှင် ရင့်မှည့်မှုမြန်ပြီး သက်တမ်းတိုသွားသည်။ အပူချိန်မြင့်မားလျှင် အစေ့တွင် ဆီပါဝင်မှုနှင့် ဆီအရည်အသွေးကို ထိခိုက်သည်။ ယေဘုယျအားဖြင့် ပန်းပွင့်ချိန်တွင် အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်အထက်ရှိပါက အစေ့အထွက်နှုန်းနှင့် ဆီပါဝင်မှုကို လျော့နည်းစေသည်။ မိုးရေချိန် ၁၂ လက်မရရှိလျှင် သင့်တင့်သောအထွက်နှုန်းကို ရနိုင်သည်။ သက်တမ်းရှည်သော နေကြာမျိုးများသည် စိုက်ပျိုးပြီး ရက် ၁၀၀-၁၄၀ တွင် ရင့်မှည့်ပါသည်။



နေကြာသီးနှံသည် ရိတ်သိမ်းချိန်စောပါက အစေ့တွင်း အစိုဓာတ်ပါဝင်မှုများပြီး အရည်အသွေးကျစေ၍ နောက်ကျရိတ်သိမ်းပါက နေကြာစေ့အတွင်း ဆီ၏ဖွဲ့စည်းမှုပြောင်းလဲစေပြီး ဆီအရည်အသွေးကျဆင်းစေပါသည်။ နေကြာပွင့်၏ နောက်ကျောဘက် အဝါရောင်မှ အညိုရောင်ပြောင်းလဲလာချိန်၊ အစေ့တွင်း အစိုဓာတ် ၁၀-၁၂ ရာခိုင်နှုန်းရှိချိန်တွင် ရိတ်သိမ်းခြင်းသည် နေကြာဆီ၏အရည်အသွေးကို ထိန်းထားနိုင်ပါသည်။ နေကြာသီးနှံကို သိုလှောင်မည်ဆိုပါက သိုလှောင်ခြင်းမပြုမီ အစေ့အစိုဓာတ်သည် ကိုးရာခိုင်နှုန်း (သို့) ထို့ထက်လျော့နည်းသင့်သည်။ ရိတ်သိမ်းချိန် အစေ့ထိခိုက်ပျက်စီးပါက ဆီတွင်ပါဝင်သော Free Fatty Acid များတိုးလာပြီး ဆီအရည်အသွေး ကျဆင်းစေသည်။

နေကြာသီးနှံ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အောက်ဖော်ပြပါ စိုက်ပျိုးနည်းစနစ်များအတိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**စိုက်ပျိုးနည်းစနစ်**

- နေကြာသီးနှံကို တန်းကြား နှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် စိုက်ပျိုးသင့်ပါသည်။
- သဘာဝမြေဩဇာကို တစ်ဧကလျှင် နှစ်တန်မှ ၁၄ တန် အသုံးပြုခြင်းသည် ဓာတ်မြေဩဇာသုံးစွဲမှု ၅၀ ရာခိုင်နှုန်း သက်သာစေသည်။
- ရေသွင်းစိုက်ဧရိယာများတွင် တစ်ဧကလျှင် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်စ်နှင့် ပိုတက်ရှ်ကို ၂၄-၃၂-၂၄ ကီလိုနှုန်းနှင့် မိုးကောင်းသောက်ဧရိယာများအတွက် တစ်ဧကလျှင် ၁၆-၂၀-၁၆ ကီလိုနှုန်း ထည့်သွင်းပေးရန် လိုအပ်သည်။
- အပင်ပေါက်ရာခိုင်နှုန်း ၈၀ - ၉၀ ခန့်ရှိသော မျိုးသန့်မျိုးစေ့အား ရွေးချယ်စိုက်ပျိုးသင့်သည်။ တစ်ဧကမျိုးစေ့နှုန်းထားမှာ ခုနစ်-ကိုး ကီလိုနှုန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော မျိုးများမှာ ဆင်းရွှေကြာ-၁၊ ဆင်းရွှေကြာ-၂၊ ရေဆင်းစပ်မျိုး -၁ တို့ ဖြစ်ပါသည်။
- ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ လက်ပေါင်းတစ်ကြိမ်လိုက်ခြင်းနှင့် စိုက်ပြီး ၃၅ ရက်အတွင်း ကြားပေါင်းလိုက်ခြင်း ပြုလုပ်ရမည်။
- နေကြာသည် ရေဝပ်ဒဏ်မခံနိုင်၍ ရေစီးရေထုတ်ကောင်းရန် လိုအပ်သည်။
- အပင်၏ ဇီဝကမ္မပိုင်းဆိုင်ရာ ရင့်မှည့်ချိန်အထိ ရေငတ်ခြင်းမရှိဘဲ ရေလုံလောက်စွာ ရရှိရန် အရေးကြီးသည်။
- အဖူးဝင်ချိန်နှင့် ၅၀ ရာခိုင်နှုန်း ပန်းပွင့်ချိန် ရေလိုအပ်ပါက ရေသွင်းပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံအတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများဖြစ်သော (မြေပဲ၊ နှမ်း၊ နေကြာ) တို့၏ ပန်းတိုင်အထွက်နှုန်း အပြည့်အဝရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

ယခင်အပတ်က **Question V Read the passage (10) (11) (12)** နှင့် **Question VI Read the passage (1) (2) (3) (4)** တို့ကို ဖော်ပြခဲ့ပါတယ်။

**Answers**

**Question V**

**(10) Read the passage.**

(A) (1) knowing (2) communication skills (3) advent of market economy (4) is pursued (5) effectively

(B) (6) Communication skills can be regarded as a vital life skill in the 21th century.(7)Our appearance and the way we speak and write can create the first impression.(8)A salesperson or a CEO who applies for a job especially that relates to dealingwith the public requires good communication skills. (9) A person in a higher position needs much expertise in communication because he or she has to interact with a wide spectrum of people, including those from other countries and culture, in different situations. (10)Effective communication has risen to the forefront of the skills much in demand these days.

**(11) Read the passage.**

(A) (1) shivering (2) what (3) nine years (4) the boy's temperature (5) his father

(B) (6) The father told the boy that he had better go back to bed when he replied that he had got a headache. (7) The father saw the boy sitting by the fire, looking very sick and miserable after being dressed when he came downstairs. (8) The doctor left three different medicines because one was to bring down the fever, another a purgative, the third to overcome an acid condition. (9) Back in the room, the father asked the boy if he wanted him to read to him. (10) The boy was not interested in Howard Pyle's Book of Pirates because he lay still in the bed and seemed very detached from what was going on.

**(12) Read the passage.**

(A) (1) Korean student (2) over ten years (3) family name (4) various aspects (5) be raised

(B) (6) The two girls used English language to communicate each other. (7) The Korean girl felt a bit uncomfortable when she was called Lee because that was her family name. (8) The Korean girl called the Myanmar girl Aung as in her own culture. (9) People from different cultures communicate messages and perceive the world around them differently. (10) Intercultural awareness can certainly reduce social conflicts when people of different nationalities or ethnic groups come to contact.

********************

**Question VI**

**(1) Read the passage.**

(A) (1) deemed (2) isolate (3) by – products (4) theoretical (5) fraction

(B) (6) A drug takes years, and sometimes decades to move from the theoretical stage to the pharmacy shelf.
(7) A small fraction will produce the desired result without unacceptable side effects. (8) Scientists manufacture compounds or take them from organisms such as viruses and fungi and test them in laboratory cultures after targeting a step in the disease process. (9) Researchers usually test at least two animal species because the same drug may affect species differently. (10) A chemical is ready for clinical trials when it passes laboratory and animal testing and is deemed appropriate to analyze in human volunteers.

(2)(A) (1) commuting (2) embraced (3) monetary (4) flair (5) suburban

(B) (6) Highways and longer and wider bredges spanning rivers cover the landscape. (7) New suburban neighbours have developed between urban and rural areas. (8) People felt that electric cars did not have the flair that gas – fueled cars had because they were slow and not able to travel the required distance. (9) Electric cars can travel over hundred miles on a single charge with the noticeable advance in battery technology. (10) (Sample answer): I prefer electric cars to fueled cars because they can help reduce exhaust and greenhouse gases.

(3)(A) (1) blacksmith (2) magnetism (3) dynamo (4) relied (5) embittered

(B) (6) During the last 400 years, scientists have relied on mathematics in their development of their inventions or discoveries. (7) A great British scientist, Michael Fareday got bored with mathematics and he had no education beyond reading and writing. (8) Faraday worked bottle washing in 1812 and Davy felt embittered with jealousy because Faraday became a greater scientist than Davy. (9) The first electric motor, a device that used electricity to produce movement was invented in 1821 and Fareday was interested in the relationship between electricity and magnetism. (10) The discovery in 1831 of Faraday was that when a magnet is moved near a wire, electricity flows in the wire and he made good use of his discovery by producing a machine for making electricity called a dynamo.

(4)(A) (1) strive (2) remote (3) accommodations (4) green (5) destination

(B) (6) The concept of ecotourism has been known over the past couple of decades. (7) The ' green movement ' is a growing interest in developing practices in all aspects of daily life that preserve rather than injure the natural environment. (8) Ecotourists strive to have minimal impact on the places they visit in terms of both the local ecology and the local culture. (9) Ecotourists choose to travel to a natural destination such as a national park or a nature preserve to learn about the natural environment, and in some cases, to volunteer on environmental protection projects. (10) Cruise ships are regarded as the biggest culprits in the tourism industry in terms of environmental pollution by ecotourists.

**********************

Question VII (A) မေးခွန်းကတော့ စကားပြောပုံစံတစ်ခုပေးထားပြီး ကွက်လပ်ဖြည့်ဖြေဆိုရမှာဖြစ်ပါတယ်။ ပေးထားတဲ့အဖြေ (၆)ခုထဲက (၅) ခုကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။ ကျန်တစ်ခုက စကားပြောပုံစံနဲ့ သက်ဆိုင်ခြင်းမရှိတဲ့ အဖြေအပိုတစ်ခုပေးထားမှာ ဖြစ်ပါတယ်။ တစ်ပုဒ်တစ်မှတ်စီနဲ့ ၅ ပုဒ် ၅ မှတ်ဖိုးဖြစ်ပါတယ်။

Question VII (B) မေးခွန်းမှာ တုံ့ပြန်စကားပြောပုံစံတွေ ပေးထားမှာဖြစ်ပြီးတော့ ကွက်လပ်ဖြည့်ဖြေဆိုရမှာဖြစ်ပါတယ်။ အဖြေ(၆)ခုထဲက (၅) ခုကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းဝါကျတစ်ခုနဲ့တစ်ခု ဆက်စပ်မှုမရှိပါ။ တစ်ပုဒ်တစ်မှတ်စီနဲ့ ၅ ပုဒ် ၅ မှတ်ဖိုးဖြစ်ပါတယ်။ (A) နဲ့ (B) နှစ်ခုပေါင်း ၁၀ မှတ်ဖိုးဖြစ်ပါတယ်။

**VII. (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

Exercise (1)

| |
|---|
| **a machine to drive me around** |
| **the joy of driving ourselves** |
| **doesn't it** |
| **I'll take care of booking the tickets online.** |
| **better than most humans** |
| **don't they** |

**Yu Yu:** Self–driving cars sound like the future, ________ (1)________?

**Sandy:** They do, but I'm not sure if I'd trust __________ (2)________.

**Yu Yu:** I get that, but they can follow traffic rules ________ (3)________.

**Sandy:** True, but what happens if there's a software glitch? It could cause a big problem.

**Yu Yu:** That's possible, but they also help people who can't drive, like the elderly.

**Sandy:** Good point. Still, I think we'll miss _______(4)______.

**Yu Yu:** Maybe, but fewer accidents and traffic jams might be worth it.

**Sandy:** You're right. Technology always has pros and cons, ________(5)________?

**VII (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)**

| |
|---|
| **I should be more careful with what I eat** |
| **I agree** |
| **What time shall we meet?** |
| **I'll cover lunch today** |
| **What's your favorite childhood memory?** |
| **How do you manage your money?** |

6. A : _______________
   B : I make a budget and track my expenses each month.
7. A: _______________
   B: I remember going on family vacations to the beach every summer.
8. A. I try to eat balanced meals, with lots of vegetables and fruits.
   B. That's great! _______________.
9. A: We need to do more to reduce our carbon footprint.
   B: _______________. Small actions, like using less plastic, can make a big difference.
10. A: I can't believe I forgot my wallet at home again!
    B: Don't worry, happens to the best of us. _______________.

Exercise (2)

| |
|---|
| **seeing red** |
| **when I broke a plate** |
| **a black look** |
| **I lost my book yesterday** |
| **green with envy** |
| **make a big difference** |

**Shin Thant:** I felt blue when ______(1)______.

**Win Win:** Oh no! But don't worry, you'll find it soon.

**Shin Thant:** Thanks. Have you heard of ______(2)______?

**Win Win:** Yes, it means feeling jealous. I felt that when you got a new bike!

**Shin Thant:** What about ______(3)______?

**Win Win:** That's when someone is really angry, right?

**Shin Thant:** Exactly! My mom was seeing red ______(4)______.

စာမျက်နှာ ၂၂ သို့

✪ စာမျက်နှာ ၂၀ မှ

Win Win: Be careful next time, or she'll give you _______ (5)______!

**VII (B) Complete the exchange using the expressions given in the box. There is an extra.**

**and plastic as much as I can**
**I'm not very good at cooking**
**technology has changed how we communicate**
**I like outdoor workouts**
**it's just down the hall, on your left**
**Are you learning anything new these days?**

6. A: Do you prefer working out at the gym or outdoors?
   B: ____________, like running in the park.
7. A: I love trying new recipes. I find it relaxing.
   B: That's awesome! ____________, but I enjoy baking.
8. A. Do you think ____________?
   B. Definitely! We can talk to anyone instantly with our phones.
9. A: ____________
   B: Yes, I've started learning to play the guitar.
10. A: I try to recycle paper, glass, ____________.
    B: That's great! I'm also trying to be more mindful of the environment.

**Exercise (3)**

**smarter than humans**
**new jobs in technology**
**about artificial intelligence**
**medicine and education**
**good manners**
**it can improve our lives a lot**

Naing Lin: Have you read _____(1)_____? It's so fascinating!
Zwe Zwe: Yes, it's amazing how AI can help in _____(2)_____.
Naing Lin: True, but some people worry it might take over jobs.
Zwe Zwe: That's a real concern, but it also creates ___(3)_____.
Naing Lin: I agree. Do you think AI will ever be _____(4)_____?
Zwe Zwe: Maybe in some ways, but humans will always have creativity.
Naing Lin: That's a good point. AI is a tool, not a replacement for people.
Zwe Zwe: Exactly! If we use it wisely, _____(5)_____.

**(B) Complete the exchange using the expressions given in the box. There is an extra.**

**Online classes and apps make learning easier**
**books give more detail**
**it's faster and healthier**
**without technology**
**How do you stay fit?**
**teamwork makes the dream work!**

6. A: ______________
   B: I go jogging every morning. It's a great way to start the day.
7. A: It's hard to imagine life ______________.
   B: I agree. But it also makes things more convenient, like online learning.
8. A. I take the bus to work every day.
   B. That's convenient. I prefer riding my bike; ____________.
9. A: Do you prefer reading books or watching movies?
   B: I love both, but I think ______________.
10. A: Do you think technology is changing education?
    B: Yes, a lot. ______________.

**Exercise (4)**

**good communication**
**express your ideas clearly**
**avoid misunderstandings**
**I'll take care of booking the tickets online.**
**always try to understand others' views**
**building strong relationships too**

Wai Mar: Do you think communication skills are really that important?
Aung Aung: Absolutely! Good communication helps you______ (1)______.
Wai Mar: That's true. It also helps ______(2)______, doesn't it?
Aung Aung: Yes, and it's essential for ______(3)______.
Wai Mar: I guess it's also important for teamwork at work or school.
Aung Aung: Definitely! And ______(4)______ makes you more confident.
Wai Mar: I agree. So, how can we improve our communication skills?
Aung Aung: Practice, listen carefully, and ______(5)______.

**VII (B) Complete the exchange using the expressions given in the box. There is an extra.**

**have a great day**
**because it's more convenient**
**I've been good, thanks for asking.**
**it's going to rain all day**
**I check Instagram for updates**
**I'm visiting my grandparents**
**I'm more into science fiction**

6. A: I'm going hiking with some friends. How about you?
   B: _____________. It's always a nice break.
7. A: I just finished a fantasy novel. It was amazing!
   B: That sounds fun! _____________.
8. A. Do you spend a lot of time on social media?
   B. Not really, but _____________.
9. A: I like online shopping _____________.
   B: I agree, but I still enjoy browsing in stores sometimes.
10. A: Have you checked the weather forecast for tomorrow?
    B: Yes, _____________.

**Exercise (5)**

**to help the planet**
**so much harmful smoke into the air**
**such a big problem for our environment**
**to stop pollution**
**good manners**
**make a big difference**

Maw Maw: Pollution is _____(1)______, don't you think?
Shwe Sin: Definitely! It harms the air, water, and even the soil we depend on.
Maw Maw: Right. Factories and cars release _____(2)______.
Shwe Sin: And don't forget plastic pollution. It's killing marine life every day.
Maw Maw: True. We need to reduce waste and recycle more _____(3)______.
Shwe Sin: Yes, and planting trees can also improve air quality.
Maw Maw: I agree. Everyone should do their part _____ (4)______.
Shwe Sin: Absolutely. Small actions can _____(5)______ if we work together.

**VII(B) Complete the exchange using the expressions given in the box. There is an extra.**

**The food and culture were great**
**I've been good, thanks for asking.**
**I enjoy reading books**
**It's so refreshing!**
**I prefer comedies**
**The heat is getting uncomfortable**

6. A: I love painting. It helps me relax. What about you?
   B: _______________, especially mysteries.
7. A: Have you traveled anywhere exciting recently?
   B: Yes, I went to Japan! It was amazing. _______________
8. A: I play football every weekend. How about you?
   B: I prefer swimming. _______________
9. A: Yes, it feels like summer already! I can't wait for the rain.
   B: Me too. _______________.
10. A: I watched a thriller last night. It was so intense!
    B: That sounds interesting. _______________.

****************

Answers

VII Exercise (1)

(A) 1. don't they 2. a machine to drive me around 3. better than most humans 4. the joy of driving ourselves 5. doesn't it

(B) 6. How do you manage your money? 7. What's your favorite childhood memory? 8. I should be more careful with what I eat 9. I agree 10. I'll cover lunch today

Exercise (2)

(A) 1. I lost my book yesterday 2. green with envy 3. seeing red 4. when I broke a plate 5. a black look

(B) 6. I like outdoor workouts 7. I'm not very good at cooking 8. technology has changed how we communicate 9. Are you learning anything new these days? 10. and plastic as much as I can

Exercise (3)

(A) 1. about artificial intelligence 2. medicine and education 3. new jobs in technology 4. smarter than humans 5. it can improve our lives a lot

(B) 6. How do you stay fit? 7. without technology 8. it's faster and healthier 9. books give more detail 10. Online classes and apps make learning easier

Exercise (4)

(A) 1. express your ideas clearly 2. avoid misunderstandings 3. building strong relationships too 4. good communication 5. always try to understand others' views

(B) 6. I'm visiting my grandparents 7. I'm more into science fiction 8. I check Instagram for updates 9. because it's more convenient 10. it's going to rain all day

Exercise (5)

(A) 1. such a big problem for our environment 2. so much harmful smoke into the air 3. to help the planet 4. to stop pollution 5. make a big difference

(B) 6. I enjoy reading books 7. The food and culture were great. 8. It's so refreshing! 9. The heat is getting uncomfortable 10. I prefer comedies


*****************

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# နည်းပညာမှန်းပင် မရိပ်မိကြတော့သည့် နည်းပညာ

**နီဇော်သစ်**



အကြိုသမိုင်းခေတ် အထွေထွေသုံးနည်းပညာများဖြစ်သည့် ကျောက်လက်နက်နှင့် မီးကိုအသုံးချမှုတို့အကြောင်း ဆွေးနွေးခဲ့ပြီးပြီဖြစ်၍ ယခုတစ်ပတ်တွင် ရှေးလူသားတို့ တီထွင်ခဲ့သည့် နောက်ထပ်နည်းပညာတစ်ခုအကြောင်း ဆက်ပါမည်။ ထိုနည်းပညာမှာ လူသားမျိုးနွယ်တစ်ရပ်လုံးထံသို့ ပျံ့နှံ့စိမ့်ဝင်မှု အားကောင်းလွန်းလှ၍ ယနေ့ခေတ်တွင် နည်းပညာဟုပင် မမြင်ကြဘဲ အချို့ဆိုလျှင် သဘာဝဟုပင် ထင်မြင်နေကြသည်။ ယင်းမှာ ဘာသာစကားဖြစ်သည်။

လူသားတို့ထံတွင် ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုမှာ နေ့ချင်းညချင်းဖြစ်လာသည်တော့မဟုတ်။ နှစ်ပေါင်းသန်းနှင့်ချီ၍ အချိန်ယူခဲ့ရသည်ဟု ပညာရှင်တို့က ဆိုသည်။ ဘာသာစကားဖြစ်ထွန်းလာသည့် အချိန်ကာလတစ်ခုကိုမူ တိတိကျကျ မပြောနိုင်။ သို့သော်အသံ၊ခြေဟန်လက်ဟန်တို့သုံးပြီး ဆက်သွယ်မှုကို သတ္တဝါတော်တော်များများ လုပ်နိုင်စွမ်းရှိကြ၍ ရှေးပရိုင်းမိတ်ခေတ်ကတည်းက လူသားတို့လည်း ထိုနည်းလမ်းတို့ကို တတ်မြောက်ခဲ့ကြမည်မှာ သေချာပါသည်။ သို့သော် သူတို့၏ဦးနှောက်မှာ ဘာသာစကားတစ်ခုကို တီထွင်နိုင်လောက်အောင် အဆင့်မမြင့်သေးပေ။

ရှေ့ပိုင်းဆောင်းပါးများ၌ ဆွေးနွေးခဲ့သကဲ့သို့ပင် ကျောက်လက်နက်နှင့် မီးကိုအသုံးပြုခြင်းသည် ရှေးလူသားတို့၏ ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် များစွာအကျိုးသက်ရောက်မှုရှိခဲ့သည်။ အထွေထွေသုံးနည်းပညာဆိုသည်မှာ ထိုသဘောပင်။ ပျံ့နှံ့မှုအားကောင်းရုံမက လူတိုင်းအလွယ်တကူ လိုက်သုံးနိုင်ပြီး အကျိုးသက်ရောက်မှုလည်း အားကောင်းလှသည့် ဆန်းသစ်တီထွင်မှုများဖြစ်သည်။ ဦးနှောက်ဆင့်ကဲတိုးတက်မှုကြောင့် လွန်ခဲ့သောနှစ်ပေါင်းခုနစ်သောင်းမှ ငါးသောင်းအတွင်း ဟိုမို နီယန်ဒါသယ်(Homo Neanderthal)တို့၊ ဟိုမိုဆေပီယန် (Homo Sapiens)တို့ကို စကားပြောနိုင်စွမ်းရှိလာစေသည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။

အထူးသဖြင့် ကျွန်တော်တို့ မျိုးစိတ်ဖြစ်သော ဟိုမိုဆေပီယန်တို့သည် စကားကို ပိုမိုတီထွင်ပြီး ပြောနိုင်ကြသည်ဟု ဆိုသည်။ Sapiens စာအုပ်ကို ရေးသားခဲ့သည့် ယူဗယ် နိုအာ ဟာရာရီ၏ စကားအတိုင်းဆိုလျှင် ကျွန်တော်တို့သည် အခြားသောသတ္တဝါများပြောသလို တကယ့်အဖြစ်မှန်များကိုသာမဟုတ်ဘဲ တကယ်မဟုတ်သည့် ကိစ္စများကိုပါ ပြောနိုင်ကြသည်။ ဥပမာ အသံပြုဆက်သွယ်မှုအများစုသည် အန္တရာယ်ကျရောက်လာပြီ၊ ဘယ်နေရာက လာနေသည်ဆိုသည့် တကယ်ကြုံနေရသည့် ကိစ္စများဖြစ်သည်။ ကျွန်တော်တို့ လူပညာရှိများကမူ ထို့ထက်ပို၍ အပြင်မှာ လက်တွေ့ဖြစ်နေခြင်းမဟုတ်ဘဲ စိတ်ကူးထဲပေါ်သမျှကို တီထွင်ပြီး ပြောနိုင်ကြသည်။ ထိုအချက်ကသည်ပင်လျှင် လူသားမျိုးနွယ်၏ ဆင့်ကဲတိုးတက်မှုကို တစ်ဆစ်ချိုးပြောင်းလဲစေခဲ့ခြင်းဖြစ်သည်။

ဘာသာစကားကို တီထွင်ပြီးနောက် လူသားတို့သည် အသိပညာတို့ကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ဆင့်ပွားထိန်းသိမ်းနိုင်လာသည်။ သက်ကြီးရွယ်အိုများ၊ နတ်ဆရာများနှင့် ပုံပြောကောင်းသူတို့သည် အသိပညာကို သယ်ဆောင်သူများဖြစ်လာသည်။ ထိုအချက်ကို ကြည့်လျှင်ပင် ဘာသာစကား၏ အဖွဲ့အစည်းတစ်ခုအတွင်း ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းကို မြင်နိုင်သည်။ ကာယစွမ်းရည်ကို အလေးပေးသော ထိုခေတ်မှာပင် လူသားမျိုးနွယ်စုတစ်ခုအတွင်း၌ ကာယစွမ်းရည် နည်းပါးကျဆင်းနေစေကာမူ စကားပြောကောင်းသူတို့သည် အဓိကကျသည့် နေရာတစ်နေရာကို ရလာကြသည်။ ၎င်းတို့ထံမှ လက်တွေ့အသုံးချနည်းများဖြစ်သော အသက်ရှင်အောင်နေနည်း၊ အမဲလိုက်နည်း၊ ဆေးဝါးတို့အပြင် နှုတ်ပြောအစဉ်အလာများ၊ ဒဏ္ဍာရီများ၏ လွှမ်းမိုးမှုကိုပါ ခံယူလာကြရသည်။

ဘာသာစကားတီထွင် အသုံးပြုနိုင်ခြင်းကြောင့် အဖွဲ့အတွင်း အလုပ်ခွဲဝေ လုပ်ကိုင်ခြင်းကိုလည်း ပိုပြီး ပြတ်ပြတ်သားသား ခွဲဝေလာနိုင်စေသည်။ အုပ်စုဖွဲ့အမဲလိုက်ခြင်း၊ အရင်းအမြစ်များ မျှဝေခြင်း၊ ကာကွယ်ရေးဗျူဟာများ ချမှတ်ခြင်းတို့တွင် ပိုမိုထိရောက်မှုရှိလာသည်။ ထိုသို့ ဘာသာစကားဖြင့် အဖွဲ့တွင်းလုပ်ဆောင်ချက်ကို တိုးတက်စေခြင်း၊ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာသည့် အသိပညာများကို ထိန်းသိမ်းနိုင်ခြင်းတို့သည် အဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ကွာဟချက်တို့ကို ဖြစ်လာစေသည်။

> **ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုကို အတိုချုပ်ပြီးပြန်ကြည့်လျှင် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်သိန်းဝန်းကျင် သားလိုက် ရှက်ခူး ခြေသလုံးအိမ်တိုင် အုပ်စုငယ်လေးများ ခေတ်ကတည်းက အန္တရာယ်သတိပေးချက်နှင့် လူမှုဆက်ဆံရေးအတွက် အသံဖြင့် ဆက်သွယ်မှု သို့မဟုတ် ဘာသာစကားကို စတင်အသုံးပြုကြသည်။ ထိုသို့ဖြင့် ဘာသာစကားကို သွယ်ဝိုက်အကျိုးပြုမှုမဟုတ်ဘဲ တိုက်ရိုက်အကျိုးပြုမှုများကို စာအရေးအသားတီထွင်ခြင်း၊ ပုံနှိပ်စက်တီထွင်ခြင်း၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးများကဲ့သို့ နောက်ပေါ် အထွေထွေသုံးနည်းပညာများ၌ တွေ့မြင်ခဲ့ရသည်မှာ ယခုနောက်ဆုံး အေအိုင်နည်းပညာအထိပင်**

ယင်းသည်ပင်လျှင် ဘာသာစကား၏ ပါဝါပြန်လည်ဖြန့်ဝေခြင်းတစ်မျိုးပင်ဖြစ်သည်။

လက်တွေ့မဟုတ်ဘဲ စိတ်ကူးထင်ရာ ပြောနိုင်ခြင်းသည် ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများနှင့် ကိုးကွယ်ယုံကြည်မှုများကို ဖြစ်လာစေသည်။ ထိုသို့ စိတ်ကူးထင်ရာ ပြောဆိုခြင်းတို့သည်ပင်လျှင် အဖွဲ့တွင်း ပိုမိုစည်းလုံးညီညွတ်မှုကို ဖြစ်လာစေပြီး လူမှုရေး ဥဿုံညီမှုကို ဖန်တီးပေးသည်။ ထိုအဆင့်တွင် ပါဝါပြန်လည်ဖြန့်ဝေခြင်းမှာ ပိုမိုကြီးမားသွား၏။ အဖွဲ့ဝင်အားလုံးကို ယုံကြည်မှုပေးနိုင်သော ပုံပြောကောင်းသူတို့သည် ကိုးကွယ်ယုံကြည်မှုဆိုင်ရာခေါင်းဆောင်များဖြစ်လာကြပြီး ကာယအား၊ ဉာဏအားဖြင့် ဦးဆောင်နေသည့် ခေါင်းဆောင်များကိုပင် ကျော်လွှားလာနိုင်ကြသည်။ ထို့ပြင် ဘာသာစကားအခြေပြု ပုံပြောခြင်းသည် စုပေါင်းမှတ်ဉာဏ်ကိုဖြစ်စေပြီး နောက်ပိုင်းတွင် သမိုင်းဟူ၍ဖြစ်လာသည်။

ဘာသာစကားသည် စည်းမျဉ်းများ၊ စံနှုန်းများနှင့် တားမြစ်ပိတ်ပင်မှုများကိုပါ ဖြစ်လာစေရာ ယင်းတို့သည် လူတို့၏ ဓလေ့စရိုက်ကို ပုံဖော်သည်။ နှုတ်အားဖြင့် သဘောတူညီချက်များ၊ ထုံးတမ်းစဉ်လာ ရိုးရာဓလေ့များသည် လူမှုအဖွဲ့အစည်းကြီးထွားလာချိန်တွင် စည်းမျဉ်းဥပဒေများ၊ တာဝန်ဝတ္တရားများဖြစ်လာသည်။ ထိုအရာတို့က ကိုယ်ကျင့်တရားနှင့် လက်ခံနိုင်သော အမူအကျင့်တို့ကို ပိုင်းဖြတ်ရာ ကာယအားဖြင့် ခေါင်းဆောင်သူများထက် သက်ကြီးရွယ်အိုများ၊ နတ်ဆရာများ၊ ဘာသာရေးဆရာများထံသို့ ပါဝါများ ပိုမိုရောက်ရှိလာသည်။

ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုကို အတိုချုပ်ပြီး ပြန်ကြည့်လျှင် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်သိန်းဝန်းကျင် သားလိုက် ရှက်ခူး ခြေသလုံးအိမ်တိုင် အုပ်စုငယ်လေးများခေတ်ကတည်းက အန္တရာယ်သတိပေးချက်နှင့် လူမှုဆက်ဆံရေးအတွက် အသံဖြင့်ဆက်သွယ်မှု သို့မဟုတ် ဘာသာစကားကို စတင်အသုံးပြုကြသည်။ ထိုသို့ဖြင့် ဘာသာစကားကို သွယ်ဝိုက် အကျိုးပြုမှုမဟုတ်ဘဲ တိုက်ရိုက်အကျိုးပြုမှုများကို စာအရေးအသားတီထွင်ခြင်း၊ ပုံနှိပ်စက်တီထွင်ခြင်း၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးများကဲ့သို့ နောက်ပေါ် အထွေထွေသုံးနည်းပညာများ၌ တွေ့မြင်ခဲ့ရသည်မှာ ယခုနောက်ဆုံး အေအိုင်နည်းပညာအထိပင်။

အေအိုင်နည်းပညာတွင် ဘာသာစကားသည် ကြီးကြီးမားမား အရေးပါသည်။ အေအိုင်ဖွံ့ဖြိုးတိုးတက်စေရန် ဘာသာစကားဖြင့် လေ့ကျင့်ပေးရသည်။ အေအိုင်သည် ဘာသာစကားကို စီမံခန့်ခွဲရုံမက အဓိပ္ပာယ်ကို နားလည်ရသည်။ လူလိုပြန်ပြောနိုင်ရသည်။ ထိုအရည်အသွေးကို Chat GPT-3 လောက်မှာပင် တွေ့မြင်နေရပြီဖြစ်သည်။ ထို့ကြောင့် Chat GPT တို့ကဲ့သို့ အေအိုင်များကို ကြီးမားသော ဘာသာစကား မိုဒယ်များ (Large Language Models)ဟု ခေါ်သည်။ ဒေါ်လာဘီလီယံနှင့်ချီသည့် ဟာ့ဒ်ဝဲအရင်းအမြစ်များပေါ်တွင် အလွန်များပြားသော ဘာသာစကား အရင်းအမြစ်များ ထည့်သွင်းလေ့ကျင့်ပေးထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း DeepSeek ဟုခေါ်သည့် တရုတ်အေအိုင်တစ်ခု ပေါ်လာပြီး Chat GPT ကို ရင်ပေါင်တန်းပြသည်။ ဤနေရာတွင် ဟာ့ဒ်ဝဲအရင်းအမြစ်နှင့် ဘာသာစကားလေ့ကျင့်မှု ဘယ်အရာက ပိုအရေးပါသလဲ ဆိုသည်ကို မြင်ရစေသည်။ DeepSeek က ကုန်ကျစရိတ်များစွာပိုနည်းသည်မှာ ဟာ့ဒ်ဝဲအရင်းအမြစ် နည်းနည်းပဲသုံးထားပြီး ရင်ပေါင်တန်းနိုင်သည်မှာ လုံလောက်သော ဘာသာစကားအရင်းအမြစ်များ သုံးပြီး လေ့ကျင့်ထား၍ဖြစ်သည်။

အေအိုင်သည် ဘာသာစကားကို လူတို့လို နားလည်ခြင်းတော့မဟုတ်။ ပြောရလျှင် သူ့ဘာသာစကားနှင့် သူရှိသည်။ သဘာဝ ဘာသာစကား လုပ်ငန်းစဉ် (Natural Language Processing – NLP)ဟုခေါ်သည်။ လူတို့က ကိုယ့်ဘာသာစကားကို အေအိုင်ဘာသာစကား NLP နှင့် တွဲပေးရသည်။ ထိုသို့တွဲပေးပြီး ကိုယ့်ဘာသာစကား အရင်းအမြစ်များများနှင့် လေ့ကျင့်ပေးလေလေ အေအိုင်က ကိုယ့်ဘာသာစကားကိုပိုကျွမ်းကျင်လာလေလေပင်။ အေအိုင်တို့ မြန်မာစကား ကောင်းကောင်းမပြောတတ်ခြင်းသည် မြန်မာ NLP အားနည်းချက်နှင့် မြန်မာဘာသာစကား အရင်းအမြစ်ဖြင့် လေ့ကျင့်ပေးမှု အားနည်းခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် နောက်လာမည့်ခေတ်တွင် ဘာသာစကားရှင်သန်မှုနှင့် တိုးတက်မှုတို့သည် အေအိုင်နှင့် တွဲလာတော့မည်ကို မြင်နေရပြီ။ လူတိုင်း အေအိုင်သုံးနေချိန်တွင် ကိုယ့်ဘာသာစကားက အေအိုင်နှင့် ဆက်သွယ်ရန် အားနည်းသဖြင့် ကိစ္စတော်တော်များများတွင် အေအိုင်သေချာပေါက်နားလည်သည့် အင်္ဂလိပ်လိုသာ ဆက်သွယ်နေရလျှင် ကိုယ့်ဘာသာစကား ပိုမိုအားနည်းလာနိုင်သည်။ အထူးသဖြင့် သင်္ချာ၊ သိပ္ပံနှင့် နည်းပညာ၊ ဆေးသိပ္ပံ၊ ရူပဗေဒ၊ ဓာတုဗေဒတို့ကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ဘာသာရပ်များအကြောင်း အပြန်အလှန် ဆွေးနွေးချိန်မျိုးတွင်ဖြစ်သည်။ ထို့ကြောင့် ဘာသာစာပေ ဆက်လက်ရှင်သန်ရန်ဆိုလျှင် စာပေလေ့လာလိုက်စားခြင်း၊ ရေးသားခြင်းတို့နှင့် မလုံလောက်တော့ဘဲ ကိုယ့်ဘာသာစာပေကို အေအိုင်နှင့် ချိတ်ဆက်မိအောင်လုပ်ရန် လိုအပ်လာသည့်ခေတ်ကိုရောက်နေပြီဟု ဆိုရမည်ဖြစ်သည်။ ။

Ref: Sapiens by Yuval Noah Harari
The Coming Wave by Mustafa Suleyman
Speech and Language Processing by Daniel Jurafsky and James H. Martin

# စိုက်ပျိုးရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲနေသည့် ကမ္ဘာ့နိုင်ငံများ

စိုးသူရ

ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံအများအပြားတွင် အဆင့်မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။ သမားရိုးကျ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာမက ဒစ်ဂျစ်တယ်နည်းပညာသုံး စိုက်ပျိုးရေးနည်းလမ်းများကိုပါ ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်လာကြသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုနေသည့် နိုင်ငံများအကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။




တရုတ်နိုင်ငံမှထုတ်လုပ်သည့် စက်ရုပ်သီးနှံရိတ်သိမ်းခြွေလှေ့စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်။

### တရုတ်နိုင်ငံ

တရုတ်နိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာသုံး စက်ရုပ်ကောက်ရိတ်စက်များ၊ မောင်းသူမဲ့ စိုက်ပျိုးရိတ်သိမ်းစက်များနှင့် အခြားအလိုအလျောက် စက်ကိရိယာများကို သီးနှံစိုက်ပျိုးသည့်လုပ်ငန်းများတွင်သုံးစွဲခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်နေသည်။

စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ် ဒေတာအချက်အလက် ပလက်ဖောင်းများ တည်ထောင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအား ကူညီပံ့ပိုးပေးနေပြီး အီလက်ထရွန်နစ်ကုန်သွယ်ရေး ပလက်ဖောင်းများတည်ထောင်ကာ သီးနှံစိုက်ပျိုးသူများနှင့် ဝယ်ယူသူများအကြား လုပ်ငန်းများ အောင်မြင်စေရေးဆောင်ရွက်လျက်ရှိသည်။

### အစ္စရေးနိုင်ငံ

အစ္စရေးနိုင်ငံသည် စိုက်ပျိုးရေးနည်းပညာတွင် ကမ္ဘာ့ထိပ်တန်းအဆင့်၌ ရပ်တည်နေသည့်နိုင်ငံဖြစ်သည်။

အစ္စရေးနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် သီးနှံစိုက်ပျိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကြောင့် လူသိများသည်။

အစ္စရေးနိုင်ငံသည် မြေဆီလွှာ၊ အပင်များနှင့် ကောက်ပဲသီးနှံဆိုင်ရာ အချက်အလက်များကို စုဆောင်းရာတွင် ဒစ်ဂျစ်တယ်နည်းပညာသုံး ဒရုန်းယာဉ်များကို အသုံးပြုသည်။

၎င်းကဲ့သို့ ဒရုန်းယာဉ်များသုံးစွဲခြင်းဖြင့် လယ်သမားများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆည်မြောင်းများ၏ရေပေးဝေရေးကိစ္စများ စီမံခန့်ခွဲလာစေနိုင်ခြင်း၊ ပိုးသတ်ဆေးဖျန်းပက်ခြင်းနှင့် သီးနှံအထွက်နှုန်းမြှင့်တက်ရေးတွင် အကျိုးရှိစေသည်။

အစ္စရေးနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းသုံးဒရုန်းယာဉ်သည် ဆည်မြောင်းများထိခိုက်ပျက်စီးခြင်းနှင့် ဆည်ကျိုးခြင်းဖြစ်ပွားနိုင်မည့် အခြေအနေကို ကြိုတင်ခန့်မှန်းနိုင်သည်။ ထို့ပြင် ဒရုန်းအသုံးပြုခြင်းဖြင့် သီးနှံများ၏ ရှင်သန်မှုအခြေအနေ၊ မြေဆီလွှာရွေးချယ်ခြင်းနှင့် စိုက်ပျိုးသီးနှံများအတွက် ရာသီဥတုအခြေအနေတွက်ချက်ခြင်းအပါအဝင် ပိုးသတ်ဆေးဖျန်းပက်ရာ၌ ကြုံတွေ့ရနိုင်သည့် သီးနှံများပေါ်တွင် ပိုးသတ်ဆေးကြွင်းကျန်ရစ်သည့် အန္တရာယ်ကိုလည်း ကြိုတင်တွက်ချက် တားဆီးနိုင်သဖြင့် စိုက်ပျိုးသီးနှံများအထွက်တိုးစေကာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ခဲ့ကြောင်း တွေ့ရှိရသည်။

### အီသီယိုးပီးယားနိုင်ငံ

အာဖရိကဒေသရှိ အီသီယိုးပီးယားနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။

အီသီယိုးပီးယားနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်လမ်းပြမြေပုံ အက်ပလီကေးရှင်းကို ယခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် စတင်အသုံးပြုခဲ့ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၂၅-၂၀၃၂ ဟု အမည်ပေးထားသည့် ၎င်းစိုက်ပျိုးရေးလုပ်ငန်းသုံး ဒစ်ဂျစ်တယ်လမ်းပြမြေပုံအက်ပလီကေးရှင်းကို အီသီယိုးပီးယားနိုင်ငံရှိ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်ပြီး လယ်သမားများနှင့် တိရစ္ဆာန်မွေးမြူသူများအား စိုက်ပျိုးရေးနှင့်မွေးမြူရေး နည်းပညာအပါအဝင် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများနှင့် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန် စီစဉ်ထားသည်ဟု သိရသည်။

အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ်အာဘာဘာ၌ပြုလုပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဒစ်ဂျစ်တယ်လမ်းပြမြေပုံ အက်ပလီကေးရှင်း မိတ်ဆက်ပွဲ၌ စိုက်ပျိုးရေးဝန်ကြီး ဂါမာအမန်ထီက ၎င်းစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်လမ်းပြမြေပုံအက်ပလီကေးရှင်းသည် နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာအချက်အလက်များကို ခေတ်မီအောင် ဆောင်ရွက်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကာ ခေတ်မီနည်းစနစ်ဖြင့် ဈေးကွက်အချက်အလက်များကို ပံ့ပိုးပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

၎င်းစိုက်ပျိုးရေးလုပ်ငန်းသုံး ဒစ်ဂျစ်တယ်လမ်းပြမြေပုံထုတ်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ လယ်သမားများနှင့် တိရစ္ဆာန်မွေးမြူသူများအတွက် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်နှင့် ခေတ်မီကိရိယာများကို ရယူသုံးစွဲနိုင်သည့် ခေတ်မီသော စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဖန်တီးရန်ဖြစ်သည်။

ယခုချမှတ်ထားသည့် စိုက်ပျိုးရေးမဟာဗျူဟာသစ်အရ နိုင်ငံအတွင်း စိုက်ပျိုးရေးဂေဟစနစ်ကို တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုမိတ်ဆက်လိုက်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံးဒစ်ဂျစ်တယ်လမ်းပြမြေပုံကို သုံးစွဲခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

**သီးနှံကျန်းမာရေးစောင့်ကြည့်ခြင်း –** ဉာဏ်ရည်တုနည်းပညာသုံးစွဲထားသည့် ယခုအက်ပလီကေးရှင်းသည် သီးနှံဆိုင်ရာ ရောဂါများကို ရှာဖွေဖော်ထုတ်နိုင်ပြီး စိုက်ပျိုးသီးနှံများ၏ ကျန်းမာရေးကို စောင့်ကြည့်နိုင်သည်။

**မိုးလေဝသခန့်မှန်းချက်များ –** တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ရာသီဥတုဆိုင်ရာ အချက်အလက်များကို ရရှိစေနိုင်သည်။

**ဈေးကွက်ရရှိရေး –** တောင်သူလယ်သမားများအား ဈေးကွက်များနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းဖြင့် ၎င်းတို့၏ထွက်ကုန်များအတွက် ဈေးနှုန်းများ တိုးတက်ရရှိစေရန် ကူညီပေးသည်။

**ငွေကြေးစီမံခန့်ခွဲမှုဆောင်ရွက်ခြင်း –** စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘတ်ဂျက်ရေးဆွဲခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ရယူအသုံးပြုခြင်းအတွက် အထောက်အကူပြုသည်။

ခေတ်မီနည်းပညာများ ပေါင်းစပ်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဒေတာများ ပံ့ပိုးပေးခြင်းနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ခြင်းတို့ဖြင့် အီသီယိုးပီးယားနိုင်ငံအတွင်း စတင်ဆောင်ရွက်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်လမ်းပြမြေပုံသည် ၂၁ ရာစု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဖွံ့ဖြိုးပြီးခေတ်မီသော စိုက်ပျိုးရေးကဏ္ဍအတွက် ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်မှုဖြစ်သည်။ ယနေ့ခေတ်တွင် နိုင်ငံတိုင်း၌ ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား –**

- China use digital  to modernize agricultural sector
- Isreal AgriCulture Websites
- Ethiopia launches digital roadmap to modernize agricultural sector




အီသီယိုးပီးယားနိုင်ငံမှ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၂၅-၂၀၃၂ ဟု အမည်ပေးထားသော အက်ပလီကေးရှင်းကို တွေ့ရစဉ်။

> “သမားရိုးကျ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာမက ဒစ်ဂျစ်တယ်နည်းပညာသုံး စိုက်ပျိုးရေးနည်းလမ်းများကိုပါ ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်လာကြသည်။ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်ဒေတာအချက်အလက် ပလက်ဖောင်းများ တည်ထောင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအား ကူညီပံ့ပိုးပေးနေပြီး အီလက်ထရွန်နစ်ကုန်သွယ်ရေး ပလက်ဖောင်းများတည်ထောင်ကာ သီးနှံစိုက်ပျိုးသူများနှင့် ဝယ်ယူသူများအကြား လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်လျက်ရှိ”



## မန်ယူတိုက်စစ်မှူး ဒီယာလို ခြေချင်းဝတ် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်

မန်ယူအသင်းတိုက်စစ်မှူး အာမက်ဒီယာလိုဟာ ခြေချင်းဝတ် အရွတ်ဒဏ်ရာရရှိခဲ့တာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ်ကြယ်ပွင့် အာမက်ဒီယာလိုဟာ လက်ရှိအချိန်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိနေပြီဖြစ်တယ်လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာမှာ ရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းရဲ့ တာဝန်ရှိသူတွေကလည်း တိုက်စစ်မှူး အာမက်ဒီယာလိုဟာ သီတင်းပတ်ပေါင်းများစွာ အနားယူရမှာဖြစ်သလို ရာသီကုန်အထိ အသင်းနဲ့အတူ ပြန်လည်ကစားနိုင်မှာ မဟုတ်ဘူးလို့လည်း ပြောကြားခဲ့ပါတယ်။ တိုက်စစ်မှူး အာမက်ဒီယာလိုဟာ မန်ယူအသင်းနဲ့အတူ ပြီးခဲ့တဲ့ ပွဲစဉ် ၁၄ ပွဲမှာ သွင်းဂိုး ခြောက်ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

## နယူးကာဆယ်ကို အနိုင်ရပြီး မန်စီးတီးအသင်း အဆင့်(၄)နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၂၅)အဖြစ် မန်စီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။



### သွင်းယူ

မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်၊ ၂၄ မိနစ်နဲ့ ၃၃ မိနစ်တို့မှာ အိုမာမာမောရှ်က ဟက်ထရစ်သွင်းဂိုး၊ ဒုတိယပိုင်း ၈၄ မိနစ်မှာ မက်အတီးကတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး မာမောက်ရှ်ဟာ ပြီးခဲ့တဲ့လအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရန့်ဖက်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၅၉ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူး မာမောက်ရှ်ဟာ မန်စီးတီးအသင်း ကစားသမားတွေထဲမှာ ပွဲစားချိန်မိနစ် အချိန်တိုအတွင်း ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ စတုတ္ထမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ဆာဂျီယိုအဂူရိုဟာ ကိုးမိနစ်အတွင်းမှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

နယူးကာဆယ် အသင်းဟာ မန်စီးတီးအသင်းရဲ့ အိမ်ကွင်း အီတီဟက်ဒ်မှာ လက်ရှိအချိန်အထိ ပွဲစဉ် ၁၆ ပွဲအထိ ရှုံးပွဲကြုံတွေ့မှုနဲ့ ရင်ဆိုင်ခဲ့ရပြီဖြစ်ပြီး အီတီဟက်ဒ်ကို နောက်ဆုံးသွားရောက်ကစားခဲ့တဲ့ ပွဲစဉ်ခြောက်ပွဲမှာလည်း သွင်းဂိုးမရရှိခဲ့တဲ့ မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ပိုင်ဆိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီး အသင်းကတော့ နောက်ဆုံးပွဲစဉ် ခုနစ်ပွဲမှာ ရမှတ် ၁၆ မှတ်အထိ စုဆောင်းနိုင်ခဲ့မှုနဲ့အတူ လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် နယူးကာဆယ်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၇)နေရာနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။



## လေဗာကူဆင်အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာ ရှစ်မှတ်ဖြတ်ဦးဆောင်နိုင်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်

ဂျာမန်ဘွန်ဒက်လီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၂၂)မှာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

လက်ရှိအမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တဲ့ လေဗာကူဆင်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ၁၂ ရာသီဆက်တိုက် ဘွန်ဒက်လီဂါဖလားရရှိမှုကို ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်းက အဆုံးသတ်နိုင်ခဲ့ကာ ဘွန်ဒက်လီဂါဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

### ဆက်လက်ဦးဆောင်

ဒါပေမယ့် ဘွန်ဒက်လီဂါပြိုင်ပွဲမှာ အောင်မြင်မှုအရှိဆုံးလို့ပြောနိုင်တဲ့ ဘိုင်ယန်မြူးနစ်အသင်းက လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိနေတာ ဖြစ်ပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားတွေထဲမှာတော့ တိုက်စစ်မှူး ဟယ်ရီကိန်းက ဘွန်ဒက်လီဂါသွင်းဂိုး ၂၀ ဂိုးနဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

## ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း နော့တင်ဟမ်ဖောရက်စ်အသင်း အဆင့်(၃)နေရာမှာ ဆက်လက်ရပ်တည်

ဖူလ်ဟမ်အသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် နော့တင်ဟမ်ဖောရက်စ်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၃)နေရာမှာပဲ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဖူလ်ဟမ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာ စမစ်ရိုး၊ ဒုတိယပိုင်း ပွဲကစားချိန် ၆၂ မိနစ်မှာ ဘက်ဆေးက တစ်ဂိုးသွင်းယူပေးခဲ့ကာ နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်မှာ ခရစ်ဝုဒ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



အခုပွဲစဉ်မှာ ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကယ်လ်ဗင်ဘက်ဆေးဟာ ယခုဘောလုံးရာသီမှာ ဖူလ်ဟမ်အသင်းနဲ့အတူ ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဖူလ်အသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၅)အပြီးမှာ အဆင့်(၈)နေရာမှာပဲ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

- စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး မာတီတာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ခရစ္စတယ်ပဲလေ့စ်အသင်းက မာတီတာရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၄၂ သန်း သတ်မှတ်ထားတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ စပါးအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ နယ်သာလန်နောက်တန်းကစားသမား ဗန်ဒီဗန်ကို ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူနိုင်ရေး ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ ပြင်သစ်ခံစစ်မှူး ကိုနာတေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ကိုနာတေးကလည်းပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။



## မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယအကြိမ်အမှုဆောင်စုံညီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်(အသစ်) ဒုတိယအကြိမ်အမှုဆောင်စုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင်(ရန်ကုန်) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး နာယကဦးစိုးတင့်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အားကစားသမား ရွေးချယ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ရဲလွင်၊ ဦးဝင်းတင့်၊ ဦးထွန်းလင်းသောင်း၊ ဦးမျိုးသက်တို့က ခြင်းလုံးကဏ္ဍ၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းတွင် တင်ပြရန်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အမှုဆောင်များကိုယ်စား ဦးဇော်ဝင်းက လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ အမှုဆောင်များကိုယ်စား ဦးအောင်ထိုက်သူက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရယူနိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် အစည်းအဝေးမှ သိရသည်။

လင်းရာမ

## လက်ထပ်ပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မောင်အောင်ကျော်မျိုးနှင့် မစိုးစိုးစံ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးကျေးရွာနေ ဦးအောင်ငွေးဝင်းနှင့် ဒေါ်ငွေးတို့၏သား မောင်အောင်ကျော်မျိုး [၉/ကပတ(နိုင်)၂၃၉၆၆] နှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရွာကောက်ကျေးရွာနေ ဦးညွန့်ရွှေနှင့် ဒေါ်သန်းမွေးတို့၏သမီး မစိုးစိုးစံ [၉/ကပတ(နိုင်) ၂၄၂၇၃] တို့သည် (၉-၈-၂၀၂၃) ရက်နေ့တွင် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇) ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ် (၆၁) နေအိမ်တွင် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်အောင်ကျော်မျိုးနှင့် မစိုးစိုးစံ တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ဖြိုးဝင်းထွဋ် (LL.B, C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၀၁၇/၂၄-၁၁-၂၀၁၀)**
**အမှတ် (၃၀/၃၁)၊ (၁) လမ်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း -၀၉-၄၂၀၀၃၅၈၉၂၊ ၀၉-၇၆၂၆၉၂၇၃၇**

**ညအချိန်**
**အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို**
**နေ့စဉ် ချွေတာ**
**သင့်ပါသည်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၃)လမ်း၊ အမှတ်(၁၃၈/ခ)၊ တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ ပဉ္စမထပ်၊ (၆-လွှာ)၊ ဧရိယာ (၉၉၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Royal Fullhouse Co.,Ltd(ကိုယ်စား) (မန်းနေးဂျင်းဒါရိုက်တာ) ဒေါ်လောမေ [၁/မညန(နိုင်)၀၈၆၅၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောသန္တာ [၁၁/စတန(နိုင်)၀၃၆၆၅၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စောသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်ဇီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာအတွင်း ငါးဖမ်းဆီးခွင့်ရရန် ကမ်းဝေးငါးဖမ်းလှေများတင်ပြထားကြောင်းသိရ

မြိတ် ဖေဖော်ဝါရီ ၁၆

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာအတွင်း ငါးဖမ်းဆီးခွင့်ရရန် ကမ်းဝေးငါးဖမ်းလှေများ တင်ပြထားကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

ယခုနှစ် ငါးသားပေါက်ရာသီကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလသတ်မှတ်ထားပြီး ငါးမဖမ်းရရာသီနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းလှေများအားလုံးကိုငါးမဖမ်းဆီးရဧရိယာအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးဖမ်းဆီးခြင်းမပြုရန် တားမြစ်ပိတ်ပင်ခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်စွဲနှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၅)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကမ်းဝေး ငါးဖမ်းလှေကြီးများအနေဖြင့် စက်သုံးဆီအခက်အခဲရှိနေခြင်း၊ လှေထွက်စားရိတ်ကုန်ကျမြင့်မားခြင်း၊ ငါးအထိအမိနည်းပါးနေခြင်း၊ ငါးပုစွန်များဈေးနှုန်းကျဆင်းခြင်း၊ ရေလုပ်သားအခက်အခဲများရှိခြင်း၊ ငါးဖမ်းလုပ်ငန်းရပ်နားထားရပါက ငါးလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် စက်ရုံ၊ အလုပ်ရုံ၊ အအေးခန်း၊ ငါးတင်/ငါးချဆိပ်ကမ်းများ လုပ်ငန်းရပ်တန့်သွားနိုင်ခြင်း၊ အလုပ်သမားများနှင့် အလုပ်သမားများကို မှီခိုနေရသည့် မိသားစုဝင်များ၏ စားဝတ်နေရေး၊ ပညာရေးစသည့် အခက်အခဲများရှိနိုင်ခြင်းစသည့် အကြောင်းပြချက်များနှင့် ငါးဖမ်းဆီးခွင့်ရရန် တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကအချက်ကဝါလတ် (ဒရွတ်ဆွဲ)ငါးဖမ်းလှေကြီးတွေ ငါးဖမ်းခွင့်ရဖို့တင်ပြတာပါ။ ဝါးတန်း၊ ကင်းမွန်ငါးဖမ်းလှေတွေက ရာသီအလိုက် လုပ်ကိုင်ရတဲ့ လုပ်ငန်းအမျိုးအစားဖြစ်တဲ့အတွက် မိုးရာသီရောက်ရင် သူ့အလိုလို လုပ်ငန်းရပ်နားသွားကြတာပါ" ဟု မြိတ်မြို့မှလုပ်ငန်းရှင် တစ်ဦးက ပြောသည်။



ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဧရိယာ တားမြစ်ထားသည့် ကာလအတွင်း ကိရိယာအမျိုးအစားအလိုက် ငါးဖမ်းရေယာဉ်များအား ငါးဖမ်းဆီးခွင့်ပြုရန် တင်ပြထားခြင်းဖြစ်ပြီး ပင်လယ်ပြင်ထွက်ခွာပြီး အမှန်တကယ် လုပ်ကိုင်လိုသူများအနေဖြင့် ငါးဖမ်းရေယာဉ်စာရင်းအား ဖေဖော်ဝါရီ ၁၀ ရက်တွင်တင်ပြထားခဲ့ပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီတို့၌ ငါးဖမ်းကွက်များစွာရှိကြပြီး တနင်္သာရီ ငါးဖမ်းကွက်အတွင်း ကမ်းဝေးငါးဖမ်းလှေကြီး အစင်းရေ ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## "တေးသံရှင် မာရဇ္ဇနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

တေးသံရှင် မာရဇ္ဇ မကွယ်လွန်မီက ရေးသားသီဆိုခဲ့သော တေးသီချင်းများနှင့်ပတ်သက်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝင်း[၈/မလန(နိုင်)၀၀၂၃၃၇]၏ သိရှိသဘောတူခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တေးသီချင်းများ၊ တေးစာသားများ၊ သံစဉ်များ၊ ၎င်း၏ရုပ်ပုံလွှာကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူ၍ မည်သည့်နေရာတွင်မှ သုံးစွဲခြင်းမပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်နိုင်ဦး (ဥပဒေဘွဲ့)** | **ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)** |
| **(စဉ်-၈၇၆၂)** | **(စဉ်-၁၃၄၈၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၅)၊ ၃-လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-965499925, 09-777505737**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်လင်းထွန်း [၁၁/မအန(နိုင်)၀၃၆၈၃၀] ကိုင်ဆောင်သူ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၆) လမ်းအရှေ့၊ မြေကွက်အမှတ်-(၁၅၃၄/ခ)ဟုခေါ်တွင်သော မြေဧရိယာ(အလျားပေ၂၀Xအနံပေ၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်သန်းအေး[၁၂/သကတ(နိုင်)၀၉၃၃၄၃] ကိုင်ဆောင်သူမှ နှစ်(၆၀)ဂရန်အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူထားသည့် ကွယ်လွန်ပြီးသူ ဦးဇော်ဝင်းမောင် (TKA-၀၂၂၇၈)ကိုင်ဆောင်သူ၏ တရားဝင်ဇနီး ဒေါ်ခင်ခင်မြင့် [၁၂/သကတ(နိုင်)၀၀၄၀၉၈] ကိုင်ဆောင်သူက ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ အပေါင်အနှံ၊ အရှုပ်အရှင်း(လုံး၀)ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းချက်အရ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်နှင့် နေအိမ်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းချသူ ဒေါ်ခင်ခင်မြင့်ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဦးအောင်ဇော်လင်းထွန်း** | **ဦးအောင်နိုင်စိုး(LL.B)** |
| **[၁၁/မအန(နိုင်)၀၃၆၈၃၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၈၂)၊ (၂၉-၄-၂၀၁၄)** |
| | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊** |
| | **၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |

**PH; ၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ပါမောက္ခ ဦးစောနိုင်**

**M.B.,B.S(R.G.N),D.P & T.,M.,, M.R.C.P(UK)**

**F.R.C.P.(EDIN).,F.A.C.T.M**

ပါမောက္ခ/ဆေးပညာဌာနမှူး/သမားတော်ကြီး(ငြိမ်း)

ဆေးတက္ကသိုလ်(၁)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၉၁)(M/2) သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေ (ဒေါက်တာ ခင်ဌေးအေး)၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ပါမောက္ခ ဦးစောနိုင်(ငြိမ်း)သည် ၁၄-၂-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး
ဒုတိယဝန်ကြီးနှင့်ဇနီး
အရာထမ်း၊ အမှုထမ်းများ
ကျန်းမာရေးဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ပါမောက္ခ ဦးစောနိုင်**

**M.B.,B.S(R.G.N),D.P.& T.M, M.R.C.P(UK)**

**F.R.C.P(EDIN)., F.A.C.T.M**

ပါမောက္ခ၊ ဆေးပညာဌာနမှူး၊ သမားတော်ကြီး(ငြိမ်း)

ဆေးတက္ကသိုလ်(၁)

**အသက်(၈၁)နှစ်**

ချစ်ခင်လေးစားရပါသော ဆရာကြီး ပါမောက္ခ ဦးစောနိုင်သည် ၁၄-၂-၂၀၂၅ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါ်နွယ်နွယ်နှင့်နှလုံးဆေးပညာမိသားစု**
**ရန်ကုန်ဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြာနု (ပင်လုံမြို့)**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး (ဦးထွန်းကြည်)၏ဇနီး၊ ပင်လုံမြို့နေ (ဦးစိုင်းမြင့်ချို)-ဒေါ်နန်းခမ်းအောင်၊ ပြင်ဦးလွင်မြို့နေ(ဦးခွန်မိုးကျော်)-ဆရာမကြီး ဒေါ်နန်းနွဲ့နွဲ့ဝေ၊ (ဦးစိုင်းမြင့်လွင်ကြည်)-ဒေါ်နန်းဖြူဖြူမြင့်၊ ဦးတင်ဦး-ဒေါ်နန်းဝါဝါခိုင်၊ ရန်ကုန်မြို့နေ ဦးခင်မောင်မော် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)]-ဒေါ်နန်းညိုညိုအောင်တို့၏ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၀ ယောက်တို့၏ ချစ်လှစွာသော ကြီးကြီး၊ မြေး ၁၁ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၅-၂-၂၀၂၅ ရက် ညနေ ၄:၃၅ နာရီတွင် ပြင်ဦးလွင်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၇-၂-၂၀၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ငါးရုံ့ချောင်း၊ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်နန်းမြလေး

## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဇေရာဇ်လမ်း၊ အိမ်အမှတ်(၇)နေ (ဦးဘသန်း-ဒေါ်ခင်စန်း)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏ သမီးချွေးမ၊ (ဗိုလ်မှူး အတာ)၏ ဇနီး၊ (ဦးသန်းထိုက်စိုး)-ဒေါ်နန်းယုစံ၊ ဦးနေလင်းဦး-ဒေါ်ခင်ချိုဦး၊ ဦးစိုင်းဆွေထိုက်၊ ဦးချစ်အောင်မှူး-ဒေါ်နန်းမိုခမ်း တို့၏ ချစ်လှစွာသော မိခင်၊ မောင်ဟန်ထွဋ်အောင်၊ မဆုငြိမ်းရည်၊ မောင်ခိုင်ခန့်ကျော်၊ မအေးမွန်သန့်၊ မအေးထက်ဦး၊ မောင်သာထက်အောင်၊ မမေသက်ထား တို့၏ ချစ်လှစွာသော အဘွားဖြစ်သူ ဒေါ်နန်းမြလေးသည် ၁၆-၂-၂၀၂၅ ရက် နံနက် ၁၀:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါသဖြင့် ညနေ ၄ နာရီတွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်တင်

**နာ.ယ.က ဖျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက် "ဇ" ဓမ္မာရုံ**

**(သံတမန်ကုန်တိုက် Myanmar Travels & Tours)**

**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၄၃)နေ (ဦးဖိုးလှ-ဒေါ်စိန့်)တို့၏သား၊ (ဦးရွှေညာ-ဒေါ်ထားထား)တို့၏ သားသမက်၊ (ဦးတင်သိန်း)-ဒေါ်သီဒါဦး၊ ဒေါ်သီဒါအောင်တို့၏ ကျေးဇူးရှင်ဖခင်၊ ကိုသက်တင်ဦး - မခင်သော်သော်ဝင်း၊ ကိုဟိန်းထက်ဦးတို့၏အဘိုး၊ ဒေါ်အုန်းစိန်၏ခင်ပွန်းသည် ၁၆-၂-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁၀း၀၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အာယုဆေးရုံ၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၂-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာ အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရေစက်သွန်းချ အမျှအတန်း ပေးဝေမည်ဖြစ်ပါ၍ ၂၂-၂-၂၀၂၅ (စနေနေ့) နံနက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၄၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းတို့အား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၁၁၄၈)၊ ကွင်းအမည်- လှည်းကူးဆိပ်ကွင်း၊ ဦးပိုင်အမှတ်(၄၃/ခ)၊ ဒေါ်မေမေနု အမည်ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာန၏ (၂၀-၂-၁၉၉၅)ရက်စွဲပါ စာအမှတ်-၁၀၇၀/မအ-၂ အရ ၃(ခ)ကျပြီး ဧရိယာ(၀.၁၆၅)ဧက၊ (ပေအားဖြင့် ၄၁x၁၃၇ ပေ) ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အဆိုပြုသူ ဦးဉာဏ်မိုးမြင့် [၁၃/ဖခန(နိုင်)၀၂၇၃၄၈]နှင့် ဒေါ်ပပခင်[၁၂/ဗဟန(နိုင်)၀၀၂၃၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နန်းလှအေး (ဘ)ဦးအိုက်မန်[၁၃/ကခန(နိုင်)၀၈၁၅၅၆]မှ အပိုင်ဝယ်ယူရန်အတွက် (၈-၂-၂၀၂၅)ရက်နေ့တွင် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ခြံမြေကွက်အရောင်းအဝယ် ပြုလုပ်မှုကို ကန့်ကွက်လိုသူများ ရှိပါက ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းလှအေး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်သူဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၄)**
**အမှတ်(၅၃၇)၊ ခရေလမ်း၊ (၈/၂)မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၃၁၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဂရုဏာ(၆)လမ်း၊ အမှတ်(၆၁၉)နေ ဦးထိန်လင်း [၁၂/လမန(နိုင်)၁၃၅၄၉၀]ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၄)လမ်း၊ အမှတ်(၄၉၁/ခ)၊ မြေညီထပ်အခန်းကို ၎င်းပိုင်ဆိုင်သူ ဦးထိန်လင်းထံမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အနောက်ရပ်ကွက်၊ (၈၈)လမ်း၊ အမှတ်(၂၀)၊ ပ-အလွှာ(ညာ)နေ ဦးကိုကိုကြီး [၁၂/မဂတ(နိုင်)၀၄၃၇၁၉]က ဝယ်ယူ ရန် သဘောတူညီကြပြီး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားဖြင့် ယနေ့မှစ၍ ရက်သတ္တတစ်ပတ်အတွင်း ဝယ်သူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကိုကိုကြီး [၁၂/မဂတ(နိုင်)၀၄၃၇၁၉]**
**ဖုန်း-၀၉-၇၆၈၂၁၀၃၁၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ ဗိုလ်တေဇလမ်း၊ ကွင်းအမှတ်(၄၁)၊ ဦးပိုင်အမှတ်(၄၁)၊ မြေကွက်အမှတ်(၅)၊ ဧရိယာ(၂)ကေအနက်၊ အကျယ်အဝန်း(၂၈ပေx၂၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးအောင်မိုး[၁၂/သကတ(နိုင်)၀၉၃၆၄၈]မှ ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေမှ အထက်ဖော်ပြပါ အိမ်မြေအား ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းများနှင့်တကွ လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်မေဆုမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီနီအောင် (L.L.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၂) (၁၁-၄-၂၀၂၄)**
**အမှတ်(၆)၊ ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၂၄၄၂၇**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ မောင်မောင်လွင်**

**စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး(ငြိမ်း)**

**Consultant Psy Chiatrist**

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

**ဗဟိုကော်မတီဝင်(MANA)**

**စာပေဗိမာန် စာမူဆု (၄)ဆုရှင်**

**အသက်(၈၀)နှစ်**

ဒေါ်ထားရီ ၏ ခင်ပွန်း ဒေါက်တာ မောင်မောင်လွင်သည် ၁၄-၂-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**ဝန်ထမ်းများ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂**

| | | |
|---|---|---|
| ၁။ ဒေါ်ရင်မြ | နှင့် | ဒေါ်အုံးကြည် |
| ၂။ ဦးအောင်ဖြိုးသန့် | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံလမ်းမကြီး၊ အမှတ်(၄၃၁)နေ ဒေါ်အုံးကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက် ) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက် အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင် )**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ (၁၂)လမ်းပေါ်တွင် တည်ရှိသော မြေကွက်ကြီးအမှတ်(၁/န)တိုးချဲ့၊ အိမ်ရာကွက်ငယ်အမှတ်(၈၅၇)၊ ပြေစာအနီအမည်ပေါက် ဦးမြဝင်း၊ အကျယ်အဝန်း အလျား(၄၀)x အနံ(၆၀)ပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်သဏ်းဝင်း [၁၂/လမန(နိုင်)၀၃၈၈၀၅] ထံမှ ဦးချမ်းအေးငြိမ်း(ခ)အငယ်လေး [၁၂/လကန(နိုင်) ၁၉၅၆၁၈] က အထက်ပါခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် ဦးချမ်းငြိမ်းအေး(ခ)အငယ်လေး ထံမှ ဦးအောင်ဖုန်းမြင့် [၁၄/ဇလန(နိုင်) ၁၀၈၈၈၈]က ၎င်းအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆၊ ၀၉-၆၆၆၁၄၄၈၉၄**


## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်ဝင်း [၉/ပမန(နိုင်)၂၃၁၆၃၀] ကိုင်ဆောင်ထားသူ၏ သမီးဖြစ်သူ မခက်ခက်[၉/ပမန(နိုင်)၂၃၁၆၇၀]ကိုင်ဆောင်ထားသူသည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝ တာဝန်ယူမဖြေရှင်းပေးပါ။

**ဖခင်-ဦးကျော်ဝင်း**

# သွေးသည် အသက်

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်…**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး …**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၀)ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ထိပ်ဆုံးမှ MIU အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ်(၁၀)တွင် MIU အသင်းက MH Dream Team အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ M2K အသင်းက SGF အသင်းကို လေးဂိုး-သုံးဂိုး၊ YRG အသင်းက YCDC Marga အသင်းကို ကိုးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက VUC အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Generations အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က သုံးဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✪

## MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ဟံသာဝတီယူနိုက်တက် အမှတ်ခွဲယူ



အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၀) တတိယနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

### ဟံသာဝတီယူနိုက်တက်အသင်း နှစ်ပွဲဆက် နိုင်ပွဲပျောက်

ထိပ်ဆုံးသုံးသင်းအတွင်းဝင်ရန် အရေးပါသည့် အဆုံးအဖြတ်ကာလတွင် ဟံသာဝတီယူနိုက်တက်အသင်း နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ယခုပွဲတွင်လည်း ဂိုးမရှိသရေကျခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာလည်း နိုင်ပွဲဆက်တိုက်ပျောက်ဆုံးနေပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် ရုန်းကန်ရမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့** စာမျက်နှာ » ၁၀

**ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်** စာမျက်နှာ » ၁၅

**စိုက်ပျိုးရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲနေသည့် ကမ္ဘာ့နိုင်ငံများ** စာမျက်နှာ » ၂၄



**မန်ယူတိုက်စစ်မှူး ဒီယာလို ခြေချင်းဝတ် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်** စာမျက်နှာ » ၂၅


## နီပေါ လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ယနေ့စတင်မည်ဖြစ်ပြီး မြန်မာနှင့် လက်ဘနွန်၊ နီပေါနှင့် ကာဂျစ္စတန် ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နီပေါ လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် လက်ဘနွန်၊ နီပေါနှင့် ကာဂျစ္စတန်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။